မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၀ ရက်၊ သောကြာနေ့၊ အတွဲ (၄၂)၊ အမှတ် (၂၂၉)

ဇေယျာသီရိပိမာန်ခန်းမ၌ လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း **Arthit Kamlang-ek, Chairman of the Senate Standing Committee on Military Affairs** နှင့်အဖွဲ့အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ

ရန်ကုန် မေ ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလှည့်လည်ပတ်ရန် ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း Arthit Kamlang-ek, Chairman of the Senate Standing Committee on Military Affairs ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊

စာမျက်နှာ ၈ ကော်လံ ၅ ✡

မြန်မာ့အလင်း ခေါင်းကြီး ဆောင်းပါး အညွှန်း

❒ **တစ်နိုင်ငံလုံးရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှသည် ပြည်နယ်၊ တိုင်းလုံးကျွတ်အထိ အရှိန်အဟုန်မြှင့်တင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြ။**

ခေါင်းကြီး (စာ-၂)

❒ **ပြည်သူများအနေနဲ့ "နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါ တာဝန်ဖြစ်သည်" လို့ ခံယူပြီး မသင်္ကာဖွယ်ရာကိစ္စများ၊ ထူးခြားတဲ့ဖြစ်ရပ်များကို တွေ့ရှိကြားသိရပါက နီးစပ်ရာ လုံခြုံရေးအဖွဲ့အစည်းများသို့ အမြန်ဆုံးသတင်းပို့ ခြင်းဖြင့် နိုင်ငံတော်နဲ့ မိမိတို့ပြည်သူလူထုအန္တရာယ် အသွယ်သွယ်မကျရောက်အောင် ဝိုင်းဝန်း ကာကွယ်စောင့်ရှောက်။**

အောင်သူမိုး(မြင်းခြံ)၏ ဆောင်းပါး (စာ-၁၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မေလ ၂၀ ရက်)

ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး ပြည်နယ်၊ တိုင်းလုံးကျွတ် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ ဦးတည်ချက်များ ချမှတ်ကာ ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့သည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဖွံ့ဖြိုးရေး ဒေသကြီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ပေးလျက်ရှိသည်။ ယခုအခါ ကျန်ရှိနေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လုပ်ငန်းစဉ်(၅)ရပ်ချမှတ်ပြီး ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေလ ၁၆ ရက်က ရန်ကုန်မြို့ စည်ပင်သာယာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် အမှာစကား ပြောကြားသည်။

အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

"သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်သည်နှင့်အမျှ ကျေးလက်နေပြည်သူများအတွက် မသန့်ရှင်းသောရေကြောင့်ဖြစ်သော ရောဂါဘယများ ကင်းဝေးသလို ရေတစ်ထမ်း၊ တစ်ပုံးရရှိရန်ရှာဖွေရမှုကြောင့် အချိန်ကုန်၊ ငွေကုန်၊ လူပင်ပန်းမှုများ သက်သာစေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ကျေးရွာတိုင်း သန့်ရှင်းသော သောက်သုံးရေရရှိရေး စီမံကိန်းကို အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သလို တူးဖော်ပြီးသော စက်ရေတွင်းများ ရေရှည်တည်တံ့ကောင်းမွန်အောင် အစဉ်တစိုက် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း"

ပြောကြားသွားသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက် ဒုတိယလုပ်ငန်းစဉ်ဖြစ်သည့် ကျေးလက်ဒေသများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် နိုင်ငံတော်က နိုင်ငံတစ်ဝန်းရှိ မြို့နယ်အသီးသီးတွင် ၁၀နှစ်စီမံကိန်း ချမှတ်၍ အကောင်အထည်ဖော်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နိုင်မှုကြောင့် ၂၀၀၀–၂၀၀၁ ဘဏ္ဍာရေးနှစ်မှ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ အပူပိုင်းဒေသ တိုင်းသုံးတိုင်းတွင် ဆောင်ရွက်ရန် ကျေးရွာ၈၀၄၂ရွာအနက် ကျေးရွာ ၇၁၅၇ ရွာကို ဆောင်ရွက်ပေးနိုင်ခဲ့ရာ ရာခိုင်နှုန်းအားဖြင့် ၈၉ရာခိုင်နှုန်းဖော်ဆောင်ပေးနိုင်သည်ကို တွေ့ရသည်။

ကျန်ပြည်နယ်နှင့် တိုင်းအားလုံးတွင် ဆောင်ရွက်ရန် ကျေးရွာ၁၅၁၈၃ရွာအနက် ကျေးရွာ ၇၁၅၂ ရွာ ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရာခိုင်နှုန်းအားဖြင့် ၄၇ရာခိုင်နှုန်း ဆောင်ရွက်ပေးနိုင်သည်ကို တွေ့ရသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းရှိ ပြည်နယ်နှင့်တိုင်းအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ရန် ကျေးရွာစုစုပေါင်း ၂၃၂၂၅ ရွာအနက် ကျေးရွာပေါင်း ၁၄၃၀၉ရွာကို သန့်ရှင်းသော သောက်သုံးရေရရှိအောင် လုပ်ဆောင်ပေးနိုင်ခဲ့သည်။

ယင်းကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော် ထောက်ပံ့ငွေမှကျပ် ၁၅၃၆ ဒသမ၅၇၄သန်း၊ စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေမှ ကျပ်၂၈၃၃ဒသမ၉၄သန်း၊ စေတနာရှင်အလှူရှင်များက ငွေကျပ်သန်းပေါင်း ၁၀၅၃ ဒသမ၀၆၇သန်း၊ အမေရိကန်ဒေါ်လာ ၇၀၂၅၂၊ အက်ဖ်အီးစီ ၁၀၀၁၂နှင့် ယူရို၇၇၀ခန့် ပါဝင်လှူဒါန်းခဲ့ကြကြောင်း ဝမ်းမြောက်ဖွယ်သတင်းကောင်း ကြားသိရပေသည်။

သို့ဖြစ်ရာ နိုင်ငံတစ်ဝန်းလုံးရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး အတွက် မြို့နယ်လုံးကျွတ်မှသည် ခရိုင်လုံးကျွတ်၊ ခရိုင်လုံးကျွတ်မှသည် ပြည်နယ်၊တိုင်းလုံးကျွတ်အထိ အရှိန်အဟုန်မြှင့်တင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၀–၅–၂၀၀၅
(သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၄:၄၀ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Science and Scientists (ဒုတိယနှစ်–အထူးပြုအားလုံး)
၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၄။ **"ထူးခြားသော ကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း–၅၀)
၆:၅၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွာနဲ့ကြမ္မာ"** (အပိုင်း–၂၃)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူရဲကောင်း"** (အပိုင်း–၁၀)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် အရှေ့ဘက် သုမင်္ဂလာရာမလယ်တီဝိပဿနာကျောင်းတိုက်၌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယလယ်တီဆရာတော်ကြီးဟောကြားပြသခဲ့သော သတ္တဋ္ဌာနဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲကို မေ၁၃ရက်က ကျင်းပရာ ပဓာနနာယကဆရာတော် ဘဒ္ဒန္တအာသဘအရှင်သူမြတ်က အဓိဋ္ဌာန်ပွဲ အနုမောဒနာတရားတော် ချီးမြှင့်စဉ်။ (၀၅၂)

ပိုင်ကျုံရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များစတင်ထုတ်လွှင့်

ရန်ကုန် မေ ၁၉

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေး အစီအစဉ်အရ ကရင်ပြည်နယ် ပိုင်ကျုံတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မေ ၁၄ ရက်တွင် လုပ်ငန်းများ ပြီးစီးသည်။

အဆိုပါ စက်ရုံမှ လွှင့်အား (၁၀)ဝပ်၊ လှိုင်းနှုန်း(၆)ဖြင့် မေ ၁၅ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိမ်ဖြစ်ထွန်းမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံပြန်တမ်း

ရန်ကုန် မေ ၁၉

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဗိုလ်မှူးကြီးမောင်မောင်သန်း ကာကွယ်ရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
(ခ)	ဒေါက်တာဦးသိန်းထွန်း ဒုတိယညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန	ညွှန်ကြားရေးမှူးချုပ် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ကျန်းမာရေးဝန်ကြီးဌာန
(ဂ)	ဦးစိန်ဦး ဒုတိယပါမောက္ခချုပ် လှိုင်ကော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန	ပါမောက္ခချုပ် လှိုင်ကော်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန
(ဃ)	ဦးမြင့်ဆွေ ဒုတိယညွှန်ကြားရေးမှူးချုပ် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန	ကျောင်းအုပ်ကြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ဗီယက်နမ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

လာရောက်တွေ့ဆုံ

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Tran Van Tung သည် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Tran Van Tung သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ရုံးအဖွဲ့မှူး ဦးရဲတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ကယားပြည်နယ်စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) လှုံ့ဆော်ရေးမြေစိုက်ပိုစတာစိုက်ထူ

ရန်ကုန် မေ ၁၉

ကယားပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ အကြိုညီလာခံ(၂၀၀၅) လှုံ့ဆော်ရေး မြေစိုက်ပိုစတာ စိုက်ထူပွဲကို ကယားပြည်နယ် လွိုင်ကော်မြို့ မင်းစုရပ်ကွက် မီးပွိုင့်အနီး၌ မေ ၉ရက် နံနက် ၈နာရီခွဲတွင်ကျင်းပရာ ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ထွန်းနှင့် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ လွိုင်ကော်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမောင်တို့က မြေစိုက်ပိုစတာ စိုက်ထူပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နာယက ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမြင့်ရွှေက မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံအားကစားရုံ၌ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူးပြီး မေ၁၉ရက်က ကျင်းပပြီးစီးသွားသော ၂၀၀၅ခုနှစ် နွေရာသီသင်တန်းဆင်းများ 'က'ကွက်ပြိုင်ပွဲနှင့် မျိုးဆက်သစ်များ တိုက်ကွမ်ဒိုပြိုင်ပွဲဆုပေးပွဲ၌ နည်းစနစ်ကော်မတီဥက္ကဋ္ဌ ဦးဂျော်ဂမ်ဖန်က အကောင်းဆုံးနည်းပြထူးချွန်ဆုကို ရွှေတံဆိပ်၁၃ဆု၊ ငွေတံဆိပ်၁၃ဆု၊ ကြေးတံဆိပ် ၁၆ဆု စုစုပေါင်း ဆုတံဆိပ်၄၂ဆု စွမ်းဆောင်ရယူပေးခဲ့သည့် ၂၀၀၄- ၂၀၀၅ခုနှစ်များ နှစ်နှစ်ဆက်တိုက် အကောင်းဆုံးနည်းပြဆုရှင် တိုက်ဂါးကလပ်နည်းပြမှူးချုပ်ဆရာ ဦးမြကြိုင်(လယ်ယာ/ဆည်မြောင်း)အား ဆုချီးမြှင့်ပေးအပ်စဉ်။ (အား/ကာ)

အင်အားပြင်းထန်သော မြေငလျင်လှုပ်ရှား

ရန်ကုန် မေ ၁၉

ယနေ့မြန်မာစံတော်ချိန် နံနက် ၈နာရီ ၂၈မိနစ်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ တောင်ဘက် မိုင် ၁၀၅၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး၆ဒသမ၈အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့ထုတ်ပြန်သည်။

မအူပင်တံတား မြစ်ကြမ်းပြင်ပြောင်းလဲမှု စဉ်ဆက်မပြတ်တိုင်းတာစစ်ဆေး လမ်းတံတားပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်း အဆင့်ဆင့်ကြီးကြပ်ဆောင်ရွက်

ရန်ကုန် မေ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများလိုက်ပါ၍ မေ၁၇ရက် နံနက်ပိုင်းက ရန်ကုန်-ပုသိမ်လမ်း ဆားမလောက် မအူပင်လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး၍ မအူပင်တံတား ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

မအူပင်ရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မအူပင်ခရိုင် အင်ဂျင်နီယာမှူး ဦးစိုင်းကျော်မိုးက မအူပင်တံတား ရေလယ်တိုင်များ အခြေအနေ၊ မြစ်ရေတိုက်စားမှု ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများနှင့် မအူပင်ခရိုင်က တာဝန်ယူ ဆောင်ရွက်လျက်ရှိသော လမ်းတံတား ပြင်ဆင်ထိန်းသိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက မအူပင်တံတား မြစ်ကြမ်းပြင်အနေအထား ပြောင်းလဲမှုကို စဉ်ဆက်မပြတ် စောင့်ကြည့်တိုင်းတာ စစ်ဆေးရန်၊ မြစ်ရေတိုက်စားမှုရှိပါက ချက်ချင်းညှိနှိုင်း၍ လိုအပ်သလိုဆောင်ရွက်ရန်၊ ကျောက်များ ကြိုတင် စုဆောင်းထားရန်၊ လမ်းတံတား ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို အဆင့်ဆင့်ကြီးကြပ်၍ နည်းစနစ်မှန်ကန်စွာဖြင့် စေတနာထား၍ ဆောင်ရွက်ကြရန်၊ မိုးကာလရောက်ရှိတော့မည်ဖြစ်၍ မိမိနယ်အတွင်း လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခြင်းမရှိစေရေးဆောင်ရွက်ရန်၊ တံတားအမှတ်(၁/၁၆) သုဇာရိုးတံတားကို မိုးမကျမီအပြီး ဆက်လက်ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းမှ တစ်ဆင့်မိုင်တိုင် ၆/၂တွင် မြေသားတာပေါင် ချဲ့ခြင်းလုပ်ငန်း၊ မိုင်တိုင် ၁၈/၇တွင် မျက်နှာပြင် ကတ္တရာထပ်ပိုးလွှာ ခင်းကြိတ်ခြင်း လုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဖျာပုံတံတား တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိပြီး ပင်မတံတားသံပေါင်တပ်ဆင်နေမှု၊ လုပ်ငန်းပြီးစီးနေမှုများကို ကြည့်ရှု စစ်ဆေးသည်။

ဖြည့်ဆည်းပံ့ပိုးပေး

ဆက်လက်၍ရှင်းလင်းဆောင်၌ ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်း တာဝန်ခံဒုတိယအင်ဂျင်နီယာမှူးကြီး ဦးခင်မောင်ဆယ်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ချဉ်းကပ်တံတား အုတ်မြစ်စီလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရန်၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေး ဂရုပြုဆောင်ရွက်ရန်တို့ကို မှာကြား၍ လိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ဆက်လက်တပ်ဆင်

ယခုအခါ ဖျာပုံတံတားတည်ဆောက်မှုတွင် ပင်မတံတားသံပေါင်လေးခန်းရှိသည့်အနက် သုံးခန်း ပြီးစီးလျက် တစ်ခန်းဆက်လက်တပ်ဆင်လျက်ရှိသည်။ ချဉ်းကပ်တံတား နှစ်ဖက်တွင်ဘိုးပိုင်အုတ်မြစ် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေဆဲဖြစ်သည်။ ဖျာပုံတံတား ပြီးစီးပါက ရန်ကုန် - ညောင်တုန်း - မအူပင် - ကျိုက်လတ် - ဖျာပုံ - ဒေးဒရဲ - ကွမ်းခြံကုန်း-ဒလမြို့နယ်များ ကွန်ရက်သဖွယ် လွယ်ကူလျင်မြန်စွာ ဆက်သွယ်သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့်(ဗုဒ္ဓနေ့) သောက်ရေသန့်ဘူးများ ဒါနပြုပွဲ

ရန်ကုန် မေ ၁၉

၁၃၆၇ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ၂၂ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခမ္မောရုံနှင့်ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့အနီးမှနေ၍ ဝေနေယျသုခရေချမ်းစင်အသင်း နှစ်(၁၀၀)ပြည့်အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်းသုံးသောင်းခွဲ ကျပ်၁၇သိန်းကျော်ဖိုးကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည် ဖြစ်သည်။ ရာသက်ပန်သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ဖုန်း-၃၈၁၇၃၆နှင့် ၃၈၃၅၁၁- လိုင်းခွဲ ၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ငါးရစ်၊ ငါးသန် ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ် ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့်ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တတ်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချသားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ဆင်းရဲနွမ်းပါးမှုလျှော့ကျစေရေးနှင့် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေး အာဖရိကတစ်လွှားမှ ဝန်ကြီးများနှင့် ဘဏ်အုပ်ချုပ်ရေးမှူးများ ဆွေးနွေး

အဘူဂျာ မေ ၁၈

ကမ္ဘာ့အဆင်းရဲဆုံးတိုက်တွင် ဆင်းရဲနွမ်းပါးမှုကို မည်သို့လျော့ကျအောင် လုပ်ဆောင်မည်နှင့် ထောင်စုနှစ် ရည်မှန်းချက်များ(အမ်ဒီဂျီ)ကို မည်သို့ပေါက်မြောက်အောင်မြင်အောင် လုပ်ဆောင်မည်ဆိုသည်ကို အာဖရိကတိုက်တစ်လွှားမှ ဝန်ကြီး ၂၀ထက်မနည်းနှင့် ဗဟိုဘဏ်အုပ်ချုပ်ရေးမှူး ငါးဦးတို့သည် နိုင်ဂျီးရီးယားနိုင်ငံ၏ မြို့တော်အဘူဂျာ၌ မေ ၁၄ ရက်က ဆွေးနွေးခဲ့ကြသည်။

နှစ်ရက်ကြာပြုလုပ်သော အစည်းအဝေးတွင် အာဖရိကဆိုင်ရာ ကုလသမဂ္ဂစီးပွားရေးကော်မရှင် (အီးစီအေ)အမှုဆောင် အတွင်းရေးမှူး ကေဝိုင်အမိုကိုက စုပေါင်း လုပ်ဆောင်ကြရန်နှင့် အာဖရိက၌ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးလိုအပ်သည့်အရေးပေါ် လုပ်ဆောင်ချက်များကို သဘောတူကြရန် တိုက်တွန်းပြောဆိုသည်။

မီးမောင်းထိုးနိုင်

အမ်ဒီဂျီပေါက်မြောက် အောင်မြင်ရေးအတွက်အာဖရိကတိုက်က လုပ်ဆောင်ရန်လိုအပ်သည်များနှင့် စပ်လျဉ်း၍ ယခုပြုလုပ်သည့် အစည်း အဝေးက တညီတညွတ်တည်းသော အများသဘောတူချက်ကို ရရှိနိုင်ကြောင်း၊ နိုင်ငံတကာအသိုင်းအဝိုင်းက မိမိတို့အား အကူအညီပေးနိုင်မည့် နည်းလမ်းများကိုလည်း မီးမောင်းထိုးနိုင်ကြောင်း အမိုကိုက ပြောကြားသည်။

ထို့ပြင် အီးစီအေအကြီးအကဲက အာဖရိကနှင့်ဆိုင်သော ချမ်းသာသောနိုင်ငံများ၏ အထောက်အကူများကို ဖြည့်ဆည်းပေးရန်ရှေးရှုလျက် လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုလုပ်ဆောင်ကြရန်လည်း ချမ်းသာသောနိုင်ငံများအား တိုက်တွန်းလိုက်သည်။

မှန်မှန်တိုးသွားရမည်

ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရန် အာဖရိကဆာဟာရ ဒေသခွဲအတွက် အထောက်အကူကိုတိုးမြှင့်ရဖို့ရှိကြောင်း၊ ဒေါ်လာ ၂၅ဘီလီယံ အောက်ရှိသော ၂၀၀၄ ခုနှစ် အဆင့်မှ ယခုနှစ်တွင် ဒေါ်လာ ၃၇ဘီလီယံ တိုးမြှင့်ပြီး ၂၀၀၅ခုနှစ်၌ ဒေါ်လာ ၇၃ဘီလီယံ ရောက်အောင် မှန်မှန်တိုးသွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံရှန်ဟဲမြို့တွင် နိုင်ငံတကာဆိုင်ရာ ပြတိုက်နေ့အတွက် ရှန်ဟဲပြတိုက်၌ အကြိုခင်းကျင်းပြသထားသည့် ရုပ်တုတစ်ခုကို ဧည့်သည်တစ်ဦးက ကြည့်ရှုလေ့လာနေသည်ကို မေ ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ထိုင်းနှင့်ဗီယက်နမ်ခရီးသွားယာဉ်များ နှစ်နိုင်ငံအတွင်းသို့ သွားလာခွင့်ပြုမည်

ဟန္နိုင်း မေ ၁၇

မကြာမီက နှစ်နိုင်ငံသဘောတူညီခဲ့ကြသည့်အတိုင်း ထိုင်းနိုင်ငံမှ ပထမဆုံးလက်ယာမောင်းကားများသည် ယခုလနှောင်းပိုင်းတွင် ဗီယက်နမ်နိုင်ငံသို့ရောက်ရှိလာမည်ဖြစ်ကြောင်း ဒေသခံ ယုသ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

ထိုင်းခရီးသွားဧည့်သည်များကို တင်ဆောင်လာမည့် အဆိုပါကားများကို ကွမ်ထရီပြည်နယ်ရှိ ဟူ၊ ဒါနန်၊ကွမ်နမ်နှင့်နဂီအင်ဗယ်ဟီလာ အိုဘာအိုနယ်စပ်ဂိတ် သို့မဟုတ် ဟာတင်းပြည်နယ်ရှိ ကူထရီ ယိုနယ်စပ်ဂိတ်ကဲ့သို့ ဗီယက်နမ်၏ အလယ်ပိုင်း နယ်မြေနှစ်ခုသို့ ဝင်ရောက်ရန် ခွင့်ပြုမည်ဖြစ်ပြီး တစ်ချိန်တည်းမှာပင် ဗီယက်နမ်လူမျိုးများသည် ဘယ်မောင်းကားများဖြင့် ထိုင်းနိုင်ငံရှိ ခရီးသွားလာရေးနေရာများသို့ အလည်အပတ် သွားရောက်နိုင်မည်ဖြစ်သည်။

ကူညီနိုင်မည်

ဗီယက်နမ်နှင့်ထိုင်းနိုင်ငံတို့၏ သဘောတူညီမှုအစိတ်အပိုင်းတစ်ရပ်အဖြစ်ခရီးသွားဧည့်သည်ယာဉ်များလွတ်လပ်စွာသွားလာလှုပ်ရှားမှုသည် နှစ်နိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ မြှင့်တင်ရာတွင် ကူညီနိုင်မည်ဖြစ်ပြီး ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းဒေသမှ ထိုင်းခရီးသွား ဧည့်သည်တို့သည် ဗီယက်နမ်နိုင်ငံအလယ်ပိုင်းပင်လယ်ကမ်းခြေသို့လာရောက်ခွင့် ရှိကတည်းက ဖြစ်သည်။

ဖော်ပြခဲ့

ယခုနှစ်၏ပထမလေးလတွင် ထိုင်းအလည်အပတ်လာရောက်သူ ၂၀၉၀၀ကျော်သည် ဗီယက်နမ်သို့ လာရောက်ခဲ့ကြပြီး တစ်နှစ်ပြီးတစ်နှစ် ၂၉ဒသမ၉ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဗီယက်နမ်အမျိုးသား ခရီးသွားလုပ်ငန်းစီမံခန့်ခွဲရေးဌာနက ဖော်ပြခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာ့အကြီးမားဆုံးဈေးဆိုင်တန်းကြီး ဒူဘိုင်း၌ စင်ကာပူကုမ္ပဏီများတည်ဆောက်

စင်ကာပူ မေ ၁၈

စင်ကာပူကုမ္ပဏီများ အုပ်စုသည် ကမ္ဘာ့အကြီးမားဆုံးဈေးဆိုင်တန်းကြီးကို ဒူဘိုင်း၌ စတင်တည်ဆောက်ခဲ့ကြပြီး စင်ကာပူနိုင်ငံ၏ဝါရင့်ဝန်ကြီး ဂိုချောက်တောင် ထိုဒေသသို့ မေ ၁၆ရက်၌ အလည်အပတ်ရောက်ရှိခဲ့စဉ် ၎င်းအား ထိုအထင်ကရစီမံကိန်းနှင့်ပတ်သက်၍ တာဝန်ရှိသူများက အကျဉ်းချုံး ရှင်းလင်းတင်ပြခဲ့သည်။

အကုန်အကျခံ

ဒူဘိုင်းဈေးဆိုင်တန်းကြီးသည် အထပ်လေးထပ်ရှိ အဆောက်အအုံဖြစ်ပြီး စင်ကာပူကုမ္ပဏီ ၁၈ ခုက စင်ကာပူ ဒေါ်လာ ၁ ဒသမ ၅ဘီလီယံအကုန်ကျခံကာ တည်ဆောက်မည်ဖြစ်သည်။

ပြောကြား

ဒီဇိုင်း ညွှန်ကြားရေးမှူး၊ ဒီပီဗိသုကာပညာရှင် တီလီယန်ဆင်က ဈေးဆိုင်တန်းဧရိယာ စတုရန်းပေ ၅သန်းခွဲနီးပါးရှိမည်ဟု ပြောကြားသည်။

နေရာရရှိမည်

အဆိုပါ ဒူဘိုင်း ဈေးဆိုင်တန်းကြီးသည် ၂၀၀၇ ခုနှစ်၌ ပြီးစီးသည့်အခါ စတိုးဆိုင် ၁၂၀၀ခန့် နေရာရရှိမည် ဖြစ်သည်။

(အင်တာနက်)

ပေကျင်းအိုလံပစ်အားကစားပွဲတော်အတွက် စေတနာ့ဝန်ထမ်း တစ်သိန်းခန့် လိုအပ်

ပေကျင်း မေ ၁၈

တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင်ကျင်းပမည့် ၂၀၀၈ခုနှစ် အိုလံပစ်အားကစားပွဲတော်တွင် တာဝန်ထမ်းဆောင်ရန် စေတနာ့ဝန်ထမ်း ၆၀၀၀၀မှ ၁၀၀၀၀၀အထိလိုအပ်ကြောင်း ပေကျင်းမြို့တော် ဒုတိယမြို့တော်ဝန် လျူကျန်မင်းက ပေကျင်းမြို့တွင် မေ ၁၆ရက်က ပြောကြားလိုက်သည်။

စေတနာ့ဝန်ထမ်းများအနေဖြင့် အိုလံပစ်အားကစားပွဲများအတွက် မရှိမဖြစ်လိုအပ်လျက်ရှိကြောင်း၊အားကစားပွဲများအတွက် စေတနာ့ဝန်ထမ်းများ ရရှိရေး အစီအစဉ်တစ်ရပ် ရေးဆွဲပြီး ယင်းအစီအစဉ်ကို ပေကျင်းစေတနာ့ဝန်ထမ်း အဖွဲ့က ဇွန်လအစောပိုင်းမှ စတင်ကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း အားကစားဆိုင်ရာ အစည်းအဝေးတစ်ရပ်တွင် လျူကျန်မင်းက ပြောကြားသည်။

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ကျင်းပမည့် ၂၀၀၈ခုနှစ် အိုလံပစ်အားကစား ပွဲတော်အတွက် သယ်ယူပို့ဆောင်မှုများ၊ နေထိုင်တည်းခိုမှုများနှင့် သတင်းအပြန်အလှန် ဖလှယ်နိုင်ရေးနှင့်ဆက်သွယ်ရေးကိစ္စများအတွက် ပေကျင်းမြို့တော် အနေဖြင့်လည်း ကြိုတင်ပြင်ဆင်လျက်ရှိနေကြောင်း လျူကျန်မင်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်ဥပဒေရေးရာ အရာရှိ ၅၀ကျော် ၂၀၀၄ခုနှစ်အတွင်း တာဝန်ထမ်းဆောင်စဉ် အသတ်ခံခဲ့ကြရ

ဝါရှင်တန် မေ ၁၈

၂၀၀၄ခုနှစ်အတွင်း၌ တာဝန်ထမ်းဆောင်စဉ် အမေရိကန်ဥပဒေရေးရာအရာရှိ ၅၄ဦး အသတ်ခံခဲ့ရသည်ဟု ပြည်ထောင်စုထောက်လှမ်းရေးအဖွဲ့ (အက်ဖ်ဘီအိုင်)က မေ ၁၆ရက် တနင်္လာနေ့၌ ပဏာမ ထုတ်ပြန်သည့် စာရင်းဇယားများတွင် ဖော်ပြထားသည်။

၂၀၀၃ခုနှစ်၌ ဥပဒေရေးရာ အရာရှိ ၅၂ဦး အသတ်ခံခဲ့ရရာ ယခု နှစ်ဦးတိုးလာခဲ့သည်။ သေဆုံးမှုများသည် မတူညီသော ဖြစ်ရပ်များတွင် သေဆုံးကြရခြင်းဖြစ်ပြီး သေဆုံးသူများအနက် ၁၆ ဦးမှာ ရာဇဝတ်သားကိုဖမ်းဆီးစဉ်၊ ၁၂ဦးမှာ နှောင့်ယှက်မှုကို တုံ့ပြန်ဖြေရှင်းစဉ်နှင့် ခုနစ်ဦးမှာ မသင်္ကာသူများကို ထောက်လှမ်းစဉ် သေဆုံးကြရခြင်းဖြစ်သည်။

ဒဏ်ရာရပြီးသေဆုံး

ထို့ပြင် အရာရှိခြောက်ဦးမှာ ချုံခိုတိုက်ခိုက်ခံရ၍လည်းကောင်း၊ အခြားခြောက်ဦးမှာ လိုက်လံ ဖမ်းဆီးစဉ်၌လည်းကောင်း သေဆုံးခဲ့ရသည်ဟု ဆိုသည်။ သေနတ်ဒဏ်ရာရပြီး သေဆုံးသူ ၅၂ဦးအနက် ၃၆ဦးမှာ ခြောက်လုံးပြူးသေနတ်ဖြင့် ပစ်ခံရ၍လည်းကောင်း၊ ၁၂ဦးမှာ ရိုင်ဖယ်သေနတ်နှင့် လေးဦးမှာ ပြောင်းချောသေနတ်ဖြင့် ပစ်ခတ်ခံရ၍လည်းကောင်း ဒဏ်ရာရပြီး သေဆုံးခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်နိုင်ငံအနောက်ပိုင်း၌ တိုက်ပွဲဖြစ်ပွား အမေရိကန်မရိန်းတပ်ဖွဲ့ဝင် လေးဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၈

အီရတ်နိုင်ငံ အနောက်ပိုင်းတွင် အမေရိကန်စစ်ဘက်နှင့် လက်နက်ကိုင်ပြောက်ကျားများ၊ နိုင်ငံခြားတိုက်ခိုက်ရေးသမားများအကြား တိုက်ပွဲဖြစ်ပွားစဉ်အတွင်း အမေရိကန်မရိန်းတပ်ဖွဲ့ ဝင်လေးဦးသေဆုံးခဲ့ကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံ အနောက်ပိုင်းအနီး ဆီးရီးယားနယ်စပ်နှင့် ကပ်လျက်ရှိသည့် ကာရာဘလာကျေးရွာတွင် ဗုဒ္ဓဟူးနေ့က လမ်းဘေးဗုံးတစ်လုံး ပေါက်ကွဲခဲ့ရာ မရိန်းတပ်ဖွဲ့ဝင်လေးဦး သောကြာနေ့က သေဆုံးခဲ့ကြောင်း စစ်ဘက်ကြေညာချက်တစ်စောင်တွင် ဖော်ပြပါရှိသည်။

လက်နက်ကိုင်ပြောက်ကျားများနှင့် တစ်ပတ်ကြာတိုက်ပွဲအတွင်းအမေရိကန်စစ်ဘက်မှ နောက်ဆုံးရရှိသည့် သေဆုံးမှုအရေအတွက်မှာ ကိုးဦးဖြစ်သည်။

တိုက်ပွဲများ ဖြစ်ပွားခဲ့စဉ်အတွင်း လက်နက်ကိုင်ပြောက်ကျားများနှင့် နိုင်ငံခြားတိုက်ခိုက်ရေးသမား ၁၀၀ကျော်သေဆုံးခဲ့ကြောင်း အမေရိကန် စစ်ဘက်က ပြောကြားသည်။ ၂၀၀၃ခုနှစ် မတ်လတွင် အီရတ်နိုင်ငံသို့ အမေရိကန်ဦးဆောင်၍ ကျူးကျော်ဝင်ရောက်ခဲ့ကတည်းက အမေရိကန်တပ်ဖွဲ့ဝင် ၁၆၁၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ရောက်ရှိလာသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

20-5 (04).p65 1 3/24/05, 4:22 PM

ကုန်းလမ်းပို့ဆောင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး စွမ်းဆောင်ရည်ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်

ရန်ကုန် မေ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဖေသန်းသည် မေ၁၇ရက် နံနက်၉နာရီက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမ၌ကျင်းပသည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ဆက်လက်၍ ဒုတိယဝန်ကြီးသည် လုပ်ငန်းစွမ်းဆောင်ရည် အမြင့်ဆုံး ဆောင်ရွက်နိုင်ခဲ့သည့် ပြည်နယ်ရုံး၊ တိုင်းရုံးနှင့်ခရိုင်ရုံးများ၏ တာဝန်ခံများအား ဂုဏ်ပြုဆုများ အသီးသီးချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဗိုလ်တထောင်မြို့နယ်ရှိ အခြေစိုက် အလုပ်ရုံအမှတ်(၁) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကုန်းလမ်းပို့ဆောင်ရေး၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် နိုင်ငံတော်က ချီးမြှင့်သည့် စိမ်ထူးချွန်၊ စက်မှုစီးပွားထူးချွန်၊ လူမှုထူးချွန်ရရှိသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ပြီး စွမ်းဆောင်ရည်ထူးချွန်ဆုရရှိကြသော ကုန်စည်ပို့ဆောင်ရေးဌာနနှင့် ခရီးသည်ပို့ဆောင်ရေးဌာနများ၏ ဌာနတာဝန်ခံများအားလည်း ဂုဏ်ပြုဆုများ ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (ရထား)

ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက် စာအောင်သံဃာများအား ဂုဏ်ပြုချီးမြှင့်ပူဇော်မည်

ရန်ကုန် မေ ၁၉

ကျေးဇူးတော်ရှင် အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးတည်ထောင်၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်(ပြည်) ဆရာတော်ဘဒ္ဒန္တကောသလ္လ သီတင်းသုံးခဲ့ပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တတေဇောဘာသ ဆရာတော် ဦးဆောင်တော်မူလျက်ရှိသော ပဉ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်မှ ယခုနှစ် တိပိဋကဓရစာမေးပွဲတွင် သုတ္တန္တပိဋကဒီဃနိကာယကောဝိဒဘွဲ့ ရရှိတော်မူသော အရှင်သုနန္ဒ၊ ဝိနယပိဋက ဥဘတောဝိဘင်္ဂရေဘွဲ့ ရရှိတော်မူကြသော အရှင်ဝိလာသ၊ အရှင်သောမဗုဒ္ဓိ သာသနာ့အာဇာနည် အရှင်မြတ်သုံးပါးနှင့် ဓမ္မာစရိယတန်း၊ ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်းအောင် သံဃာတော်များအား ဂုဏ်ပြုချီးမြှင့်ပူဇော်ပွဲကို ကဆုန်လပြည့်နေ့(မေ ၂၂ရက်) နံနက် ၈နာရီတွင် အထက်ပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ပဉ္စနိကာယ သာသနာ့ဗိမာန်ကံဘဲ့ဘူတာရုံလမ်း ရန်ကင်းမြို့နယ် ဖုန်း-၅၆၆၅၆၆၊ ၅၆၆၀၇၆ တို့သို့လည်းကောင်း၊ ကျောင်းတိုက်အတွင်းရှိ ပူဇော်ပွဲကျင်းပရေး အကျိုးဆောင်များသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ကြွရောက်ကြည်ညိုပူဇော်ကုသိုလ်ယူကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်း အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်

ရန်ကုန် မေ ၁၉

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၂ဒသမ ၁၃လက်မဖြစ်သည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်း၌ ဖြစ်မြဲထက် ၃ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ ဖြစ်မြဲထက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ဒီဂရီစင်တီဂရိတ်အထိ၊ ဧရာဝတီတိုင်းတွင် ဖြစ်မြဲထက်၉ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသများ၌ ဖြစ်မြဲခန့်သာရှိခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။

မေ ၂၀ရက် ညနေအထိ ခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းသို့ အနောက်တောင်မုတ်သုံလေဝင်ရောက်နိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၂၀-၅-၂၀၀၅ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၂၀	၈။	စစ်ကိုင်းတိုင်း ပုထိုးလုံးတံတား
၈း၃၀	၉။	International News
၈း၄၅	၁၀။	English for Everyday Use
၉း၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice In Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၅	၇။	နည်းစနစ်မှန်မှန်အားကစားအခြေခံ
၁၇း၄၅	၈။	**"ချစ်လွန်းလို့"** ဖိုးဖြူ၊ ခင်စိုးပိုင်၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ကြည်စိုး)
၁၇း၅၀	၉။	မြန်မာစာ၊ မြန်မာစကား
၁၈း၀၅	၁၀။	တေးဂီတအစီအစဉ်
၁၈း၂၀	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"**(အပိုင်း-၃၂)
၁၉း၃၀	၁၅။	**လူငယ်တွေ့ဆုံပွဲနှင့် နီးနှော ဖလှယ်ပွဲ(ပုဂံ) (အပိုင်း-၂)**
၁၉း၄၅	၁၆။	နှောင်းခေတ်တေးပဒေသာ
၂၀း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာဗီဒီယိုဇာတ်လမ်း **"ခြားနားခြင်း"** လူမင်း၊ အိန္ဒြာကျော်ဇင် (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပန်းချီ၊ကာတွန်း၊ပိုစတာပြိုင်ပွဲဖွင့်

ရန်ကုန် မေ ၁၉

ပဲခူးတိုင်း တောင်ငူခရိုင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၁၄ရက် နံနက် ၉ နာရီတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းရီက ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ကျင်းပ

အဆိုပါ ဖွင့်ပွဲအခမ်းအနားကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ကွန်ပျူတာပိုစတာပန်းချီပြိုင်ပွဲကို မေ ၁၅ရက်တွင် ပညာရေးကောလိပ်ခန်းမ၌ ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခေါင်းဆောင်မှုပညာ သိကောင်းစရာ

ရန်ကုန် မေ ၁၉

ချစ်နိုင်(စိတ်ပညာ)သည် ၁၉၈၄ ခုနှစ်မှ စတင်၍ မဂ္ဂဇင်း၊ ဂျာနယ်များတွင် ဆောင်းပါးများ ရေးသားပြီး ဆောင်းပါးများကို စုစည်းရွေးချယ်ကာ စာအုပ်များထုတ်ဝေခဲ့ရာ ယခု ခေါင်းဆောင်မှုပညာ သိကောင်းစရာ စာအုပ်သည် အုပ်၅၀မြောက်ဖြစ်သည်။

ယခုစာအုပ်တွင် ရွှေနိုင်ငံဂျာနယ်၊ ရဲကြေးမုံမဂ္ဂဇင်း၊ ကြေးမုံသတင်းစာ၊ ပြည်မြန်မာသတင်းဂျာနယ်၊အကောက်ခွန်သတင်းဂျာနယ်၊ မြတ်သစ္စာဘာသာရေး ဆောင်းပါးပေါင်းချုပ်တို့တွင် ဖော်ပြပါရှိသော လူငယ်ပြုပြင်ရေး၊ စိတ်ဓာတ်မြှင့်တင်ရေး ဆောင်းပါးပေါင်း၁၇ပုဒ်ပါဝင်သည်။ စာအုပ်ကို နိုင်စာပေ အမှတ်၂၂ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၉၇၇၀မှ ဖြန့်ချိကြောင်းသိရသည်။

(သတင်းစဉ်)

စာအုပ်များလှူဒါန်း

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မသုခတိုက် အောင်သိဒ္ဓိကျောင်း စာချကထိက အာဂုံဆောင် ကျမ်းများကျမ်းပြုအရှင် အရှင်စန္ဒဇောတိ (ပါဠိပါရဂူ၊ပဋ္ဌိကတ်တစ်ပုံဆောင်) ရေးသားသော သဒ္ဒါမေးကွက် အတွဲ(၁)နှင့် အတွဲ(၂) စာအုပ်များကို ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ပေးပို့လှူဒါန်းရာ စာသင်တိုက် ပဓာနနာယက ဆရာတော်များကိုယ်စား စာရေးဆရာ ဈာန်ရဲထက်က လက်ခံရယူကြောင်း သိရသည်။

(က-ပ)

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။
- (က) ဝမ်းပျက်၊ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင်အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊
- (ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊
- (ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ-
- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊
- (ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊
- (ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊
- (စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့်အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- (က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ခ) ယင်နားစာများကို မဆင်မခြင် စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဃ) မိမိတို့ မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊
- (စ) ရေကို ကျိုချက်၍သောက်ပါ၊
- (ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊
- (ဇ) ရာသီဥတု၊ အပူအအေး အပြောင်းအလဲကို သတိရှိပါ၊
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊
- (ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ၊
- (ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ဧရာဝတီတိုင်းမှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ချီးကျူးပူဇော်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်ကြည်ညို၊ သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန် မေ ၁၉

ဧရာဝတီတိုင်းအတွင်းမှ ၂၀၀၅ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ ဂုဏ်ပြုပူဇော်ပွဲအခမ်းအနားကို မေ ၁၈ ရက် နံနက် ၈ နာရီက ပုသိမ်မြို့ သာသနာ့ဗိမာန်တော်၌ ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်း အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး သိန်းလှိုင်နှင့် ကောင်စီဝင်များ၊ တိုင်း၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များက သာသနာ့ဗိမာန်ဝင်းအတွင်း စကြံ တစ်လျှောက်နေရာယူကြပြီး သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ၂၆ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူပူဇော်ကြသည်။

သီဆိုပူဇော်

ယင်းနောက် အခမ်းအနားကို သာသနာ့ဗိမာန်တော် ခန်းမဆောင်ကြီးတွင် ဆက်လက်ကျင်းပရာ ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တိုင်းသာသနာရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးမြသိန်းက အခမ်းအနားဖွင့်လှစ်စာတမ်းကို ဖတ်ကြား လျှောက်ထား၍ မင်္ဂလာဘိသေက ပညာရှင်ဦးထိန်လင်းက ဝိသိဋ္ဌဂုဏ ပူဇာသြဘာစာကို ဖတ်ကြားပြီး ပုသိမ်မြို့မှ အဆိုပညာရှင် ဒေါ်စန်းညွန့်က ဂုဏ်ပြုပူဇော်ခြင်း ရတုပိဒ်စုံဖြင့် သီဆိုပူဇော်သည်။

ထို့နောက် တိုင်းမှူးနှင့်ပရိသတ်များက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မအူပင်မြို့နယ် သိုက်ကုန်းကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥာဏဒီပထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြပြီးနောက် တိုင်းမှူးက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများထံ ဂုဏ်ပြုလွှာများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ပုသိမ်မြို့ နိဂြောဓာရုံ ညောင်ပင်သာကျောင်းတိုက် ပဓာနနာယကအဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိသုတက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်းရုပ်သိမ်းပြီးနောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

အနိုင်ရဗိုလ်စွဲ

ရှေးဦးစွာ တိုင်းမှူးနှင့်တက်ရောက်လာကြသူများသည် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မူဆယ်ခရိုင်(ခ)အသင်းနှင့် လားရှိုးခရိုင်(က)အသင်းတို့ ယှဉ်ပြိုင်ကစားမှုများကို ကြည့်ရှုအားပေးကြရာ မူဆယ်ခရိုင်(ခ)အသင်းမှ ရှစ်ဂိုး-ခုနစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ နေရာအလိုက်အကောင်းဆုံး ဘောလုံးသမားဆုရရှိသည့် အားကစားသမားများနှင့် စတုတ္ထနှင့် တတိယဆုရအသင်းများအား လက်ထောက်ပြည်နယ်ပညာရေးမှူး(စီမံ)ဦးသန်းညွန့်နှင့် တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုနှင့် ဒုတိယဆုရရှိသောအသင်းများမှ အားကစားသမားများအား တစ်ဦးချင်းဆုများကို တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းထွန်းကလည်းကောင်း၊ အသင်းလိုက်ပထမတံခွန်စိုက်ဆုရရှိသော မူဆယ်ခရိုင်(ခ)အသင်းအား တိုင်းမှူးက တံခွန်စိုက်ဆုဖလားကြီးကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် သုတေသနစပါးစိုက်ခင်းသို့လည်းကောင်း၊ စခန်းရုံးမိသားစုများ၏ ပဲပုပ်၊ နေကြာ၊ အစေ့ထုတ်ပြောင်း စံပြကော၁၀၀စိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုက်ဒေးအပ် ဆံတော်ဦးစေတီ ကဆုန်ညောင်ရေသွန်းမည်

ရန်ကုန် မေ ၁၉

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်မြတ်ကြီး၌ ၁၃၆၇ ခုနှစ် ကဆုန်လပြည့် (ဗုဒ္ဓနေ့) မေ ၂၂ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကဆုန်ညောင်ရေသွန်းပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပပြီး ယင်းနေ့ နံနက်ပိုင်းမှ ညပိုင်းအထိ ကဆုန်ညောင်ရေ သွန်းလောင်းပူဇော်နိုင်ရန် ဇောခိပင်၌ အမွှေးနံ့သာ၊ အောင်သပြေ၊ တာအိုး၊ ဖယောင်းတိုင်၊ အမွှေးတိုင်များ စီစဉ်ထားမည်ဖြစ်ပြီး ကဆုန်လပြည့် (ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းပွဲ တော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးတိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ စန္ဒကူးကျောင်းဆောင်သစ်ဖွင့် တိုင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆွေးနွေးပွဲ၌ အမှာစကားပြောကြား

ရန်ကုန် မေ ၁၉

မကွေးတိုင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အလုပ်ရုံဆွေးနွေးပွဲ အခမ်းအနားကို မေ ၁၃ရက် နံနက် ၈နာရီက မကွေးမြို့ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ကောင်စီဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းကျန်းမာရေးကြီးကြပ်မှု ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗိုလ်မှူးကြီးဘုန်းမော်ရွှေက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းကျန်းမာရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးဇော်သိန်းနှင့် တိုင်းကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာကျော်လှမြင့်တို့က ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် လူမှုရေးအသင်းအဖွဲ့များမှ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအား ဆွေးနွေးတင်ပြကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

မေ၅ရက် နံနက် ၁၀နာရီတွင် တိုင်းဥက္ကဋ္ဌသည် ချောက်မြို့နယ် အမှတ်(၃)ရပ်ကွက် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသည့် စန္ဒကူးနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ စန္ဒကူးနှစ်ထပ်ကျောင်းဆောင်သစ်အား တိုင်းအုပ်ချုပ်ရေးမှူး ဦးခင်မောင်မြင့်၊ မကွေးခရိုင် ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဗိုလ်မှူးကြီးဘုန်းမော်ရွှေက ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အဆိုပါစန္ဒကူးနှစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ရှေးဦးစွာ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကား ပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးသန်းငွေက ကျောင်းဆောင်သစ် ဆောက်လုပ်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး လက်ထောက် တိုင်းပညာရေးမှူး (စီမံ) ဦးအောင်ကြွယ်က ကျေးဇူးတင်စကား ပြောကြားသည်။

ဂုဏ်ပြုလွှာ

ထို့နောက် အလှူရှင်များက အလှူငွေများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ စန္ဒကူးကျောင်းဆောင်သစ် သည် အလျားပေ ၁၂၀၊ အနံပေ ၃၀ရှိ နှစ်ထပ်အုတ်ညှပ်အဆောက်အအုံဖြစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ငွေကျပ် သိန်း ၁၀၀၊ ဒေသခံပြည်သူများ ထည့်ဝင်ငွေကျပ် သိန်း ၁၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၀၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တွေ့ဆုံအားပေး

ထို့နောက် တိုင်းဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေသည် ချောက်မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ဆေးရုံ တက်ရောက်၍ မျက်စိကုသကြမည့် မျက်စိဝေဒနာရှင် ၁၂ဦးတို့အား သွားရောက်တွေ့ဆုံအားပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တီးတိန်မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများ နယ်စပ်/စည်ပင်အထူးအရာရှိ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၁၉

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အထူးအရာရှိ ဗိုလ်မှူးချုပ်ကျော်သူသည် စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၂၅ရက်က တီးတိန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးခဲ့သော နာရီစင်လမ်း ကတ္တရာလမ်းခင်းပြီးစီးမှုကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(နယ်စပ်/စည်ပင်)**



လိပ်မျိုးများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းစောင့်ရှောက်ရေး ပညာပေးနှိုးဆော်ချက် ၁/၂၀၀၅

လိပ်မျိုးများသည် ရှေးအကျဆုံးနှင့် သက်တမ်းအရှည်ကြာဆုံး သတ္တဝါများဖြစ်ပါသည်။ ယခုအခါ ကမ္ဘာပေါ်တွင် လိပ်မျိုးစိတ်အများအပြားသည် မျိုးသုဉ်းပျောက်ကွယ်မည့်အခြေအနေသို့ ရောက်ရှိနေပြီဖြစ်၍ မျိုးပြုန်းတီးလု သတ္တဝါမျိုးစိတ်တွင် သတ်မှတ်ထည့်သွင်း၍ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက် ရှိပါသည်။

ပင်လယ်လိပ်များသည် အရွယ်ရောက်ရန် အနှစ်၃၀မှ ၅၀အထိကြာမြင့်ပြီး အရွယ်ရောက် လိပ်ကြီးတစ်ကောင် ဖြစ်လာရန် မမျှော်မှန်းနိုင်လောက်အောင် ခဲယဉ်းပါသည်။ ကမ္ဘာတစ်ဝန်းလုံး၌ ပင်လယ်လိပ်မျိုးစိတ် ခုနစ်မျိုးရှိရာ မြန်မာနိုင်ငံတွင် ငါးမျိုးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ လိပ်မျိုးမပြုန်းတီးရေးနှင့် မြန်မာသက်ရှိ သယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

၁။ လိပ်ဥများကို တူးဖော်စားသုံးခြင်းမပြုရန်နှင့် လိပ်သားပေါက်များအား ထိန်းသိမ်းစောင့်ရှောက် ရှင်သန်ခွင့်ပေးရန်။

၂။ လိပ်များကို သတ်ဖြတ်စားသုံးခြင်းမပြုရန်နှင့် ငါးဖမ်းပိုက်များတွင် မတော်တဆဖမ်းဆီးရမိပါက ဘေးကင်းရာရေပြင်သို့ ပြန်လွှတ်ပေးရန်။

၃။ ငါးဖမ်းရေယာဉ်ရှိပိုက်များ၌ လိပ်များလွတ်မြောက်စေနိုင်သော ကိရိယာ Turtle Excluder Devices (TEDs) များ တပ်ဆင်သုံးစွဲရန်။

၄။ ငါးဖမ်းပိုက်အစများ၊ ရော်ဘာစများ၊ ပလတ်စတစ်အိတ်ခွံများနှင့် စက်သုံးစွန့်ပစ္စည်းများ၊ ဓာတုစွန့်ပစ္စည်းများ ရေပြင်သို့ မစွန့်ပစ်ရန်။

၅။ ငါးလုပ်ငန်းဦးစီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအမှတ်(၂/၉၃)ပါ ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး မည်သူမျှ မည်သည့်လိပ်မျိုးကိုမဆို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း၊ အနှောင့်အယှက်ပြုခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းတို့အပြင် လိပ်ဥများကို ရွှေ့ပြောင်းခြင်း၊ တူးဖော်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်းနှင့် အခြားနည်း တစ်စုံတစ်ရာဖြင့် နှောင့်ယှက်ခြင်းမပြုလုပ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်များကို လိုက်နာရန်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ဆိုင်းဘုတ်စိုက်ထူပွဲ စစ်ကိုင်းတိုင်း မုံရွာတွင်ကျင်းပ

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို မေ ၁၅ရက် နံနက် ၇နာရီခွဲက မုံရွာမြို့ မြို့တော်ခန်းမရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး နှင့် ဇနီး ဒေါ်ဝေဝေခိုင်၊ တပ်မတော် အရာရှိကြီးများ၊ စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမျိုးမြင့် နှင့် ကော်မတီဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းဝင်များ စုစုပေါင်းအင်အား၁၅၀၀ တက်ရောက်ကြသည်။

သယ်ယူလာ

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) ဆိုင်းဘုတ်ကို စစ်ကိုင်းတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက မုံရွာမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှေ့မှ မြို့တော်ခန်းမသို့ ဘင်ခရာ၊ ပန်းဖွားအဖွဲ့များ၊ အိုးစည်၊ ဒိုးပတ်အကအခုန်များဖြင့် သယ်ယူလာကြသည်။

စိုက်ထူ

မြို့တော်ခန်းမရှေ့ အရောက်တွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ (၂၀၀၅)ဆိုင်းဘုတ်ကို စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များက စိုက်ထူကြသည်။

ထို့နောက် တာဝန်ရှိသူများက ဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် အိုးစည်၊ ဒိုးပတ်အဖွဲ့များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(တိုင်း ပြန်/ဆက်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Interink ပုံနှိပ်စက်ရုံမှ International Marketing Executive & Technical Engineer , Mr. Hideo Sato နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ သိမ်ဖြူလမ်း ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ထိုင်းပုံနှိပ်စက်ရုံမှ ကိုယ်စားလှယ်များတွေ့ဆုံ

ရန်ကုန် မေ ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းအား ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Interink ပုံနှိပ်စက်ရုံမှ International Marketing Executive & Technical Engineer , Mr. Hideo Sato နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးရှိ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ ရုံးအဖွဲ့မှူး ဦးရဲတင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

အထက(၁)ဒဂုံ၌ မီးဘေးကာကွယ်ရေးသရုပ်ပြ

ရန်ကုန် မေ ၁၉

ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများအား မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြပွဲကို ကျောင်းပန်းခြံအတွင်းရှိ တင်းနစ်ကွင်းတွင် နံနက် ၉ နာရီခွဲက ကျင်းပသည်။

မီးဘေးကြိုတင်ကာကွယ်ရေး ပညာပေးသရုပ်ပြပွဲတွင် မြန်မာသီဟကုမ္ပဏီမှ တာဝန်ရှိသူများက အရေးပေါ် မီးငြိမ်းသတ်ရန်အတွက် မီးသတ်ဆေးဘူးများ ကိုင်တွယ်အသုံးပြုနည်းစနစ်များကို သရုပ်ပြရှင်းလင်းကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မိုင်းရှူးမိုးကုတ်ရိပ်သာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် မေ ၁၉

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်၏ ကမ္ဘာ့ဌာနာစရိယသွေးဆေးကန် ဆရာတော် ဘဒ္ဒန္တ တေဇိန္ဒ (B.Sc, Phy)သည် မိုင်းရှူးမြို့၌ ကျင်းပမည့် မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ ၁၀ ရက် တရားစခန်းပွဲကို မေ ၂၈ ရက်မှ ဇွန် ၆ ရက်အထိ ကျင်းပကာ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မေတ္တာသွေးလှူရှင်များ သွေးလှူဒါန်းနိုင်

ရန်ကုန် မေ ၁၉

ဆေးရုံအသီးသီး၌သွေးလိုနေသော ဝေဒနာရှင်များအား မေတ္တာသွေး စက်ဖြင့် အသက်ကယ်နိုင်ရန် (၈၈) ကြိမ်မြောက် ဒါနဥပပါရမီ၊ ဒါနပရမတ္ထပါရမီ မေတ္တာသွေးလှူဒါန်းပွဲကို ဗိုလ်တထောင် စေတီတော်ဆိပ်ကမ်း ဓမ္မာရုံကြီး၌ မေတ္တာဗျူဟာအဖွဲ့က ကြီးမှူး၍ ဇွန် ၅ ရက် နံနက် ၈ နာရီခွဲတွင် စတင် ကျင်းပမည်ဖြစ်ရာ မိမိတို့၏ မေတ္တာသွေးစက်ဖြင့် ခုနစ်ရက်သားသမီးများ ကျန်းမာစေရန် သွေးလှူဒါန်းလိုသူ မေတ္တာသွေးလှူရှင်တိုင်း လာရောက်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့်နေ့ လော်ကားဥယျာဉ်ဖွင့်မည်

ရန်ကုန် မေ ၁၉

သစ်တောဦးစီးဌာန လော်ကားဥယျာဉ်ကို နေ့စဉ် ပုံမှန် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိသာ ဖွင့်လှစ်ထားသော်လည်း ၂၀၀၅ခုနှစ် မေ ၂၂ ရက်(ကဆုန်လပြည့်နေ့)တွင် အများ ပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူ လေ့လာနိုင်ရန်အတွက် နံနက် ၈ နာရီမှညနေ၅နာရီအထိဖွင့်လှစ်ထားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှျို့ဝှက်သောနှင်း ဒုတိယအကျော့ရုံဝင် ပြသဆဲကားများ ဆက်လက် အောင်ပွဲခံ

ရန်ကုန် မေ ၁၉

ယခုအပတ် ရုပ်ရှင်ကဏ္ဍတွင် **လှျို့ဝှက်သောနှင်း** ဇာတ်ကားသမ္မတရုံ၌ ဒုတိယအကျော့ပြန်လည်ရုံဝင်လာသည်။ အလွန်ရှားပါးလှပသော ရေခဲတောင်ရှုခင်းများ၊ ရဝမ်၊ လီဆူးလူမျိုး၊ ကချင်တိုင်းရင်းသားများ၏ နေထိုင်စားသောက်မှု သဘောသဘာဝနှင့် ယင်းတို့၏ ရိုးရာဓလေ့များ၊ လူသူအရောက်အပေါက်နည်းပါးသည့် ဖုန်ဂမ်ရာဇီ ရေခဲတောင်ထိပ်သို့ ခက်ခက်ခဲခဲ စွန့်စားကာ ရိုက်ကွင်းရိုက်ကွက်အဆန်းများဖြင့် ရုပ်ရှင်ကြည့်ပရိသတ် ဒေသန္တရဗဟုသုတ တိုးပွားရရှိစေရန် အကယ်ဒမီ ဒါရိုက်တာ စင်ရော်မောင်မောင်က ခံစားတင်ပြ ရိုက်ကူးထားသည်။

ပါဝင်

လှျို့ဝှက်သောနှင်း ဇာတ်ကားတွင် လွင်မိုး၊ လူမင်း၊ ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ စိုးမြတ်နန္ဒာ၊ နီလာအောင်အောင်နှင့် မြင့်မြင့်ခိုင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

ရွှေဆောင်နှင့် နဝဒေးရုံတွင် **အကယ်ဒမီပြိုးချိုကြီး** ဇာတ်ကားပြသလျက်ရှိသည်။ ဟာသသရုပ်ဆောင်ကြီးများဖြစ်ကြသော မိုးဒီ၊မော့စ်၊ တီဗွိကြော်ငြာ ကလေးသရုပ်ဆောင်ဆုမေတို့၏ ဇာတ်ကောင် စရိုက်များကို အထူးခြားဆုံး၊ အပြောင်မြောက်ဆုံး ပီပီပြင်ပြင် သရုပ်ဆောင်ထားပုံကို အကယ်ဒမီပြိုးချိုကြီး ဇာတ်ကားတွင် တွေ့မြင်ကြရမည်ဖြစ်သည်။

ကျော်မင်းဦး၏ဝတ္ထုကို ဒါရိုက်တာ မောင်မျိုးမင်း (ရင်တွင်းဖြစ်)က စီစဉ်တင်ဆက်ထားသည့် **ငိုအားထက်ရယ်အားသန်** ဇာတ်ကား ရွှေဂုန်ရုံ(မြေညီထပ်)တွင် ရုံဝင်လာသည်။ ရယ်သောသူအသက်ရှည်၏ ဆိုရိုးစကားနှင့်အညီ ရယ်စရာမျိုးစုံ ကြုံဖူးချင်သူများအတွက် လွင်မိုး၊ ဇာဂနာ၊ မင်းဟိဏ်း၊ သျှားညို၊ အိန္ဒြာကျော်ဇင်၊ မေသဉ္ဇာဦးနှင့် မြင့်မြင့်ခိုင်တို့က ဟာသရသပေါ်လွင်အောင် ဖော်ကျူးတင်ဆက်ထားသည့် ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ Todd Black ရိုက်ကူးပြီး Jason Alexander, Faye Dunaway, Eric Lioyd တို့ ပါဝင်ထားသော လူသားတစ်ဦးနှင့် မခြား မျောက်လိမ္မာ၏ သရုပ်ဆောင်ကျွမ်းကျင်ပုံကို ဟာသနှော၍ရိုက်ကူးထားသော Duston Checks In ဇာတ်ကား ရွှေဂုန်ရုံ(အပေါ်ထပ်)တွင် ပြသလျက်ရှိသည်။

ရှိသစ်ရှိရှမ်းနှင့် အမီရှာပတေးတို့ ခေါင်းဆောင်ပါဝင်ထားသည့် Aap Mujhe Achche Lague Lage အိန္ဒိယအချစ်ဇာတ်ကား မြို့မရုံတွင် ရုံဝင်လာသည်။

ဒါရိုက်တာ Paul W.S Anderson ရိုက်ကူးပြီး Sanaa Lathan, Raoul Bova, Lance Henriksen, Ewen Bremner, Colin Salmon တို့ပါဝင်ထားသည့် Alien Vs Predator ဇာတ်ကား သွင်အဆင့်မြင့်ရုံတွင် ပြသလျက်ရှိသည်။

ဒါရိုက်တာ Jon Tur Tel Taub ရိုက်ကူးပြီး Nicolas Cage, Hervey Keitel, Jon Boight, Diane Kruger, Sean Bean တို့ပါဝင်ထားသော National Treasure ဇာတ်ကား မင်္ဂလာအဆင့်မြင့်ရုံတွင် တင်ဆက်လျက်ရှိသည်။

ဒါရိုက်တာ Oliver Stone ရိုက်ကူးပြီး Colin Farrell, Angelina Jolie, Val Kilmer, Jared Leto, Rosario Dawson, Anthony Hopkins တို့ ပါဝင်သရုပ်ဆောင်ထားသည့် The Legend of Alexander ဇာတ်ကား နေပြည်တော်ရုံတွင် ပြသလျက်ရှိသည်။ ။

(မြန်မာ့အလင်း)

“ငိုအားထက် ရယ်အားသန်” ဇာတ်ကားမှ လွင်မိုးနှင့် အိန္ဒြာကျော်ဇင်။

“လှျို့ဝှက်သောနှင်း” ဇာတ်ကားမှ ညွန့်ဝင်း၊ လူမင်းနှင့် လွင်မိုးတို့၏ သရုပ်ဆောင်မှုပြကွက်။

“အကယ်ဒမီပြိုးချိုကြီး” ဇာတ်ကားမှ မော့စ်နှင့် ဆုမေတို့၏ သရုပ်ဆောင်အမူအရာ။

ရုပ်ရှင်သတင်းထောက်

မသန်စွမ်းကလေးများ သင်ယူသင်ကြားမှုပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းဆွေးနွေးပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၁၉

မသန်စွမ်းကလေးများအတွက် သင်ယူသင်ကြားမှုပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်းဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန မြန်မာနိုင်ငံစာတတ်မြောက်ရေးအထောက်အကူပြုပင်မဌာနခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ စာစစ်အဖွဲ့ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဖိတ်ကြားထားသူများ၊ ဒဂုံမြို့နယ်အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း၊ မေရီချက်ပ်မင်းကျောင်း၊ရန်ကုန် မျက်မမြင်(ခဝဲခြံ)ကျောင်းများမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ ဆရာမများ၊ မသန်စွမ်း ကျောင်းသား ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

ပညာသင်ယူနိုင်

အခမ်းအနားတွင် ဝန်ကြီးဦးသန်းအောင်က အမှာစကားပြောကြားရာ၌ လူတိုင်းအတွက်ပညာရေး (Education for All)ကိုဆောင်ရွက်ရာတွင် ယခုကျင်းပသည့် မသန်စွမ်းကလေးများအတွက် သင်ယူသင်ကြားမှုအထောက်အကူပြုပစ္စည်းများ ထုတ်လုပ်ရေးလုပ်ငန်း ဆွေးနွေးပွဲသည် အလွန်အရေးပါသည့် လုပ်ငန်းဆွေးနွေးပွဲဖြစ်ကြောင်း၊ လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)ကို ဆောင်ရွက်ရာတွင် မသန်စွမ်းကလေးများ ပညာသင်ယူနိုင်ရေးလည်းပါဝင်ကြောင်း။

ကြိုးစားဆောင်ရွက်

ကျင်းပပြီးစီးခဲ့သည့် အခြေခံပညာကဏ္ဍ အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲတွင် လူတိုင်းအကျုံးဝင်ပညာရေးနှင့် စပ်လျဉ်းသည့် စာတမ်းများတင်သွင်းခဲ့ကြောင်း၊ မသန်စွမ်းကလေးများအတွက် သင်ကြားသင်ယူမှုအထောက်အကူပြု ပစ္စည်းများ ထုတ်လုပ်နိုင်ရန် ယခု လုပ်ငန်းဆွေးနွေးပွဲတွင် ဝိုင်းဝန်း အကြံပြုဆွေးနွေးကြစေလိုကြောင်း၊ မသန်စွမ်းကလေးများအတွက် Learning and Recreation Centre တွင် သင်ကြားသင်ယူမှုအထောက်အကူပြုပစ္စည်းများ ထားရှိသင်ကြားသင်ယူနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။ အဆိုပါ ဆွေးနွေးပွဲကို မေ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မြင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းတို့လည်း တက်ရောက်ကြသည်။

ထို့အတူ ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်တပ်မတော် စစ်သေနာပတိချုပ်ဟောင်း Arthit Kamlang-ek, Chairman of the Senate Standing Committee on Military Affairs ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal လည်းတက်ရောက်သည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း လှိုင်မြို့နယ် လှိုင်ရတနာမွန်အိမ်ရာ ဖလမ်း အမှတ် ၅၆/၅၇နေ ဒေါက်တာဦးဝင်းမြင့်-ဒေါ်ခိုင်ခိုင်ဦးမိသားစုတို့က ဒေါက်တာဝင်းမြင့်၏(၄၅)နှစ်ပြည့် မွေးနေ့ အထိမ်းအမှတ် သုံးထပ်ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်နှင့် ဆွမ်းပဒေသာပင် ငွေကျပ်နှစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကဆုန်ညောင်ရေသွန်းလောင်းမည်

ရန်ကုန် မေ ၁၉

မင်္ဂလာတောင်ညွန့်မြို့နယ် တောင်ညွန့်ရပ်ကွက် ၁၁၀ လမ်းထိပ် ပဲခူးကျောင်းတိုက်အတွင်း အောင်ပြည်ငြိမ်းအေးစေတီတော်မြတ်အနီး ဗုဒ္ဓဂယာမှ ယူဆောင်လာသော မဟာ ဗောဓိပင်တွင် နဝမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲကို ၁၃၆၇ခုနှစ် ကဆုန်လပြည့်နေ့(မေ ၂၂ ရက်)တွင် ကျင်းပမည်ဖြစ်ရာ ညနေ ၄ နာရီမှ ည ၉ နာရီအထိ ပါရမီဝတ်အဖွဲ့က ရွတ်ဖတ်ပူဇော်မည်ဟု သိရသည်။ (၂၅၉)

ဇေယျဝတီဆရာတော် သစ္စာတရားဟောကြားမည်

ရန်ကုန် မေ ၁၉

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် သစ်ဆိမ့်ကုန်းရပ် အမှတ်(၅) မေခလမ်း၌ တည်ထောင်ထားအပ်သော မိုးကုတ်ဝိပဿနာ နိဗ္ဗာန်ရွှေဂူတောရရိပ်သာကျောင်းနှင့် ဇေယျဝတီမြို့ ဓမ္မာရုံကျောင်း ပဓာနနာယက ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာ မိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယဘဒ္ဒန္တသောဘန (ဓမ္မာစရိယ၊ ဘီအေ)သည် အမှတ် ၈၂ နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၌ တစ်လနစ်ကြိမ်ကျင်းပအပ်သော ၁၀ ရက်တရားစခန်းပွဲကြီးတွင် ဖွန်၅ရက်မှ၁၄ရက်အထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်သည်။ ဆက်သွယ်လိုပါက ဖုန်း-၆၃၆၁၃၄၊ ၃၈၂၇၅၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေးသင်တန်းဆင်း

ရန်ကုန် မေ ၁၉

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်း အမှတ်စဉ်(၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)ဘွဲ့နှင်းဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာစိဏ္ဏာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

သာသနာရေးဆိုင်ရာလျှောက်ထား

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၏ကိုယ်စား သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခဒေါက်တာသိန်းဆွေနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ဆုများဆက်ကပ်

ဆက်လက်၍ သင်တန်း၌ထူးချွန်ဆုရရှိသော ရဟန်းတော်များအား တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာသိန်းဆွေက ဆုများဆက်ကပ်သည်။**(အပေါ်ပုံ)**

ထို့နောက် သင်တန်းဆင်းလက်မှတ်များကို ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးမျိုးကျော်နှင့် တာဝန်ရှိသူတို့က အသီးသီးပေးအပ်ကြပြီး တိုင်းရင်းဆေးပညာဦးစီးဌာနမှ နည်းပြဆရာများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကဓရ ဘဒ္ဒန္တဇာဂရာဘိဝံသထံမှ ရေစက်ချတရားနာယူကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

စီမံခန့်ခွဲရေးအခြေခံ(ဆင့်ပွား)သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၉

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စီစဉ်ဖွင့်လှစ်သည့် စီမံခန့်ခွဲရေးအခြေခံ(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၁၁/၂၀၀၅)ဆင်းပွဲ အခမ်းအနားကို မေ ၇ ရက် ညနေ ၃ နာရီတွင် ကြာညှပ်ကျေးရွာရှိ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းအောင်က သင်တန်းဆင်းအမှာစကား ပြောကြားပြီး သင်တန်းဆင်း လက်မှတ်များကို ပေးအပ်သည်။ ဆက်လက်၍ သင်တန်းတွင် ထူးချွန်သူများအား ဆုများချီးမြှင့်သည်။

သင်တန်းသို့ သင်တန်းသား ၈၅ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး နှိုးဆော်ချက်

၁။ မိုးရာသီအတွင်း အသက်သုံးနှစ်မှ ၁၄နှစ်အထိ ကလေးငယ်များတွင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားတတ်ပါသည်။ သွေးလွန်တုပ်ကွေးရောဂါ ဖြစ်လျှင် ရင်သွေးငယ်များအသက်ဆုံးပါးသည်အထိဖြစ်နိုင်သဖြင့် မိမိတို့၏ ရင်သွေးများ ရောဂါဘယကင်းဝေးစေရန် သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ကြပါရန် နှိုးဆော်အပ်ပါသည်။

၂။ သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော ခြင်ပုန်း၊ ခြင်ကျား အကိုက်ခံရခြင်းကြောင့် ကူးစက်ပါသည်။ သို့ပါ၍ ခြင်ပုန်း၊ ခြင်ကျား မပေါက်ပွားစေရန် မိမိတို့ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန် နှိုးဆော်အပ်ပါသည်။

လိုက်နာရမည့်အချက်များ

(က) ရေစည်၊ ရေအိုးများကို လုံခြုံစွာဖုံးအုပ်ထားပါ။
(ခ) ပန်းအိုး၊ ညောင်ရေအိုးတို့မှရေကို နေ့စဉ်လဲလှယ်ပေးပါ။
(ဂ) ရေစည်၊ရေအိုးများရှိ ပိုးလောက်လမ်းများအား ရေစစ်ဖြင့် ခပ်ထုတ်ပစ်ပါ။
(ဃ) မိုးရေတင်နိုင်သော ဘူးခွံ၊ ပုံးခွံ၊ တာယာစုတ်၊ အိုးခြမ်းပဲ့စသည်တို့ကို ဖယ်ရှား ရှင်းလင်းပါ။
(င) မိမိတို့အိမ်ရှေ့၊ အိမ်နောက်တို့မှ ရေမြောင်းများအား ရေစီးရေလာကောင်းအောင် ရှင်းလင်းပါ။လိုအပ်ပါက စည်ပင်သာယာရေးအဖွဲ့၏ အကူအညီကိုယူပါ။
(စ) အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော မြေနိမ့်များကို ဖို့ပါ။
(ဆ) အလင်းရောင်ရရှိရန် တံခါးများကို နေ့ခင်းပိုင်းတွင်ဖွင့်ထားပါ။
(ဇ) အိမ်တွင်း၊ အိမ်ပြင် သန့်ရှင်းအောင်ထားပါ။
(ဈ) ကလေးများ နေ့လယ်အိပ်ချိန်တွင် ခြင်ထောင်ဖြင့်သိပ်ပါ။ (အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ ထဘီ၊ ပုဆိုးစသည်တို့ကိုဝတ်ဆင်ထားပေးပါ။)

၃။ ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး ခြင်များမပေါက်ပွားစေရန် ဆေးဖျန်းခြင်း၊ အသိပညာပေးခြင်း၊ ကာကွယ်တားဆီးခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၏နောက်ဆုံးသီတင်းပတ်
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များငွေလှူဒါန်း ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်ပံ့ပိုးငွေများ ပေးအပ်ကူညီသွားမည်

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သို့ စေတနာရှင်များက ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်ပံ့ပိုးငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ တက်ရောက်၍ လှူဒါန်းငွေများကို လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ပညာသင်စရိတ် ပံ့ပိုးငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများအဖွဲ့၊ ဌာနကြီးမှူးများနှင့် လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ စေတနာရှင် အလှူရှင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေး

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ်ပံ့ပိုးငွေ ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် စေတနာရှင် အလှူရှင်များဖြစ်ကြသည့် ဓနအောင်ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်တိုင်း တွဲဖက်တရားသူကြီး ဒေါ်ခင်ချိုအုံးတို့က ငွေကျပ် ၁၀ သိန်း၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ဝင်များနှင့် အလှူရှင်များက ငွေကျပ် ၄၁၅၀၀၀၊ အမျိုးသမီးများအား လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်း အဖွဲ့ဝင်များက ငွေကျပ် ၃၇၀၀၀၀၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ငွေကျပ် သုံးသိန်း၊ ပြန်ကြားရေးရာ ဌာနကြီးနှင့် အလှူရှင်များက ငွေကျပ် ၂၃၀၀၀၀၊ Myanmar Paper°& Stationery ကုမ္ပဏီနှင့် ရှိုင်းဆောက်လုပ်ရေးတို့က ငွေကျပ် တစ်သိန်းစီ၊ ဘဏ္ဍာရေးရာ ဌာနကြီးမှ အလှူရှင်များ၊ တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ဝင်များနှင့် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့မှ အလှူရှင်များက ငွေကျပ် သုံးသိန်းစီ၊ အောင်ရီဖြိုးကုမ္ပဏီလီမိတက် ဒါရိုက်တာ ဒေါ်ခင်မိုးညွန့်က ငွေကျပ် ၁၈၀၀၀၀၊ လူမှုရေးနှင့် ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ဝင်များနှင့် အလှူရှင်များက ငွေကျပ် ၁၃၁၀၀၀၊ စည်းကမ်းထိန်းသိမ်းရေးဌာနကြီးမှ အလှူရှင်များက ငွေကျပ် ၁၂၈၀၀၀၊ အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ အဖွဲ့ခေါင်းဆောင် ဒေါ်ခင်အေး မိသားစုက ငွေကျပ် ၁၁၀၀၀၀၊ စည်းရုံးရေးဌာနကြီးမှ အလှူရှင်များ၊ ရတနာကုန်သည် ဒေါ်မြင့်မြင့်အေး(အငြိမ်းစား၊ ကျောင်းဆရာမ)၊ ရွှေနန်းတော် စိန်ရွှေရတနာဆိုင်မှ ဒေါက်တာအောင်ကျော်ဝင်းနှင့် ဇနီး ဒေါ်သက်သက်ခိုင်၊ ဒို့ရွှေပြည် ဆောက်လုပ်ရေးမှ ဦးမြစိုး၊ အာရှတော်ဝင်အထူးကုဆေးခန်းမှ ဒေါက်တာမြတ်သူနှင့် ဇနီး ဒေါက်တာခင်ချိုဦး မိသားစု၊ အာရှတော်ဝင်အထူးကုဆေးခန်း ဒါရိုက်တာ ဦးသိန်းလွင်၊ မြန်မာ့အလှ ဆောက်လုပ်ရေးမှ ဦးကျော်ခိုင်နှင့် ဇနီး ဒေါ်ခင်ခင်အေး၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ သီဟသုဓမ္မသီဂီ သီရိသုဓမ္မသီဂီ မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ နဘယံကုမ္ပဏီလီမိတက်၊ အောင်ဖေ အထူးကုဆေးခန်း အုပ်ချုပ်မှု ဒါရိုက်တာ လူမှုထူးချွန်(ပထမဆင့်) ဒေါ်မိမိခင်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဇနီး ဒေါ်ခင်သိန်းကြည်မိသားစု၊ ဦးတင်လှနှင့် ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်အေးအေးကြည်၊ ဒေါက်တာအောင်ဝင်းနှင့် ဇနီး ဒေါ်ကြွေကြွေဇင်တို့က ငွေကျပ် တစ်သိန်းစီ၊ စီမံရေးရာဌာနကြီးမှ အလှူရှင်များက ငွေကျပ် ၄၂၀၀၀ အပါအဝင် အလှူရှင် ၂၁ ဦးတို့က စုစုပေါင်း အလှူငွေကျပ် ၅၂၀၆၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်မာထွန်းတို့ကအသီးသီး လက်ခံယူကြပြီး စေတနာရှင်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က စေတနာရှင် အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပံ့ပိုးကူညီမည်

ယနေ့ကျင်းပသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ် ပံ့ပိုးငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားတွင် စေတနာရှင် အလှူရှင်များ၏ လှူဒါန်းငွေများကို ဆင်းရဲနွမ်းပါးပြီး ကျောင်းမနေနိုင်သူများ၊ အထူးသဖြင့် အမျိုးသမီးငယ်လေးများ ကျောင်းနေနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

ကျေးဇူးတင်စကားပြောကြား

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သို့ စေတနာရှင်များက ကျောင်းသား ကျောင်းသူများအတွက် ပညာသင်စရိတ် ပံ့ပိုးငွေများ လှူဒါန်းသည့်အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် နယားဆရာတော်ကြီး၏ သရီရဓာတုဒကပဝါဟနပူဇာသဘင် တက်ရောက်ကြည်ညို

ရန်ကုန် မေ ၁၉

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ဒက္ခိဏာရာမဘုရားကြီးတိုက်မှ ဘဝနတ်ထံပျံလွန်တော်မူသော နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကပါဠိ-မြန်မာအဘိဓာန်ကျမ်းပြုအဖွဲ့ဥက္ကဋ္ဌ နယားဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ၏ သရီရဓာတုဒကပဝါဟန ပူဇာသဘင်အခမ်းအနားကို မေ ၁၆ ရက် နံနက် ၇ နာရီက ချမ်းအေးသာစံမြို့နယ် ဂေါဝိန်ဆိပ်တွင်ကျင်းပရာ အခမ်းအနားသို့ ဒက္ခိဏာရာမဘုရားကြီးတိုက် လယ်ပေါ်ကျောင်းဆရာတော် ဦးကာရုသအမှူးပြုသော ပင့်သံဃာအပါး ၃၀ ကြွရောက်တော်မူကြပြီး မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် ကောင်စီဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဝတ်ရွတ်အသင်းများ၊ ဆွေတော်မျိုးတော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ဖောင်တော်ပေါ်ပင့်ဆောင်

အစီအစဉ်အရ ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော် ရွှေအိုးနှင့် ငွေအိုးတို့ကို အန္တိမအဂ္ဂိဈာပနပူဇာဌာန အမရပူရမြို့နယ် ရှမ်းကလေးကျွန်းမှ ချမ်းအေးသာစံမြို့နယ် ဂေါဝိန်ဆိပ်ရှိ သရီရဓာတုဒကပဝါဟန ပူဇာသဘင်အခမ်းအနားကျင်းပမည့်နေရာသို့ ပင့်ဆောင်ကြပြီး သရီရဓာတ်ပြာတော် ရွှေအိုးနှင့် ငွေအိုးကို တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က ကရဝိက်ဖောင်တော်ပေါ်သို့ ပင့်ဆောင်သည်။

ရွှေအိုးငွေအိုး ရေမျှော

ထို့နောက် ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော်အိုးများကို ကရဝိက်ဖောင်တော်ဖြင့် ဧရာဝတီမြစ်အတွင်း သရီရဓာတုဒကပဝါဟန ပူဇာသဘင် ကျင်းပမည့် သတ်မှတ်နေရာသို့ ပင့်ဆောင်ကြပြီး ဆရာတော်သံဃာတော်များက အနိစ္စာဝတသင်္ခါရာ စသော သံဝေဂသုံးဂါထာကို ရွတ်ဆို၍ သာဓုသုံးကြိမ်ခေါ်ဆိုပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က သရီရဓာတ်ပြာတော် ရွှေအိုးနှင့် ငွေအိုးတို့ကို ရေသို့ မျှောပေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက် ၈ နာရီတွင် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် မန္တလေးမြို့ တိုင်းရဲတပ်ဖွဲ့မှူးရုံး၌ကျင်းပသည့် မန္တလေးတိုင်း ရဲတပ်ဖွဲ့လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး အစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၂/ ၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ဖွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ဖွားနိုင်တော့ပဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများ ကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၁/၉၂)ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၂၇ နေ အလှူရှင် ဒေါ်စိန်စိန်နှင့် သားသမီး မြေးတစ်စုတို့က ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူနေသော နွမ်းပါးလူနာများအတွက် ဆေးပဒေသာပင်အလှူ ငွေကျပ်သုံးသိန်းကို မေ ၁၈ ရက်က လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာမောင်မော်က လက်ခံယူစဉ်။ (၃၅၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၅-၂၀၀၅
(သောကြာနေ့)

၇း၀၀	MRTV-4°အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၂၅	ဂီတဆည်းဆာတေးသံသာ
၈း၀၅	လယ်ယာစိုက်ပျိုးရေးကဏ္ဍအတွက် သိမှတ်စရာအဖြာဖြာ
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၃၀	ရှားပါးသောရေချို ရေငန်စပ်မိကျောင်းများ
၈း၄၀	တေးဂီတအစီအစဉ်
၈း၄၅	UEFA Stories Euro 1984
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၉း၄၀	မိုးလေဝသခန့်မှန်းချက်
၉း၄၅	တေးဂီတအစီအစဉ်
၉း၅၀	နိုင်ငံတကာပိုက်ကျော်ခြင်းပြိုင်ပွဲ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၀း၄၀	ရေဆေးချက်စရာမလိုတဲ့ဆန်
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4°အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

တပ်နဲ့ပြည်သူ မြဲကြည်ဖြူ ရန်သူဟူသမျှတိုက်ဖျက်ကြ

ဒုတိယကမ္ဘာစစ် ပြီးဆုံးသွားတဲ့ နှစ်(၆၀)မြောက်နေ့ အခမ်းအနားမှာ ဂျာမနီနိုင်ငံ သမ္မတကြီးက "နာဇီဖက်ဆစ်ဝါဒ လွှမ်းမိုးခံရမှုကြောင့် ဒုတိယကမ္ဘာစစ်ကြီးကို ဖော်ဆောင်ခဲ့ပြီး လူ့အသက်ပေါင်းများစွာကို သေကျေစေခဲ့တယ်။ ဂျူးလူမျိုး နှစ်သန်းကျော်ကိုသတ်ဖြတ်ခဲ့တယ်။ ဒီအမှားတွေအပေါ် ဂျာမနီနိုင်ငံသားတစ်ဦးအနေဖြင့် အရှက်ရမိပါကြောင်း" ပြောကြားခဲ့ပါတယ်။ ယနေ့လို (Globalization),(Global Village) ကမ္ဘာ့မိသားစုအချင်းချင်း (ကမ္ဘာ့ရွာကြီး)အဖြစ် ဆက်စပ်ပေါင်းခြုံနေတဲ့ လူယဉ်ခေတ်ကြီးမှာ လက်နက်အားကိုး လွှမ်းမိုးအနိုင်ယူ ဗိုလ်ကျစိုးမိုးလိုတဲ့ အပြုအမူတွေကို ကမ္ဘာ့ ပြည်သူများ လက်မခံကြတော့ပါ။

တောင်အာဖရိကနိုင်ငံမှာ လူဖြူ ဒီကလပ်(စ်)အစိုးရနဲ့ ANCပါတီ လူမည်းခေါင်းဆောင် နယ်လ်ဆင်မင်ဒဲလားတို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ကျင်းပနေစဉ်ကာလမှာ ANCပါတီအဖွဲ့ဝင် ၃၀ကျော် သတ်ဖြတ်ချေမှုန်း ခံလိုက်ရတယ်။ ဒီအခါမှာ ANC ပါတီဝင်တွေက မကျေမနပ်ဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကိုဖျက်၊ အကြမ်းဖက် လက်နက်ကိုင်လမ်းကို ပြန်လျှောက်ဖို့ တောင်းဆိုခဲ့ကြတယ်။ နယ်လ်ဆင်မင်ဒဲလားက "သေဆုံးသွားကြတဲ့ ရဲဘော်များအပေါ် သွေးရင်းသားရင်း ဆွေမျိုးရင်းချာပမာ စာနာစိတ်နဲ့ဝမ်းနည်းကြေကွဲမိပါတယ်။ သို့သော် မူလ လက်နက်ကိုင် အကြမ်းဖက်လမ်းကိုတော့ နောက်ကြောင်းပြန်မလှည့်လိုပါ။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲအောင်မြင်ရေးကိုသာ ဆက်လက်ကြိုးစားဖို့ ရွေးရှုပါမယ်"လို့ အမြော်အမြင်ကြီးမားတဲ့ နိုင်ငံရေး ခေါင်းဆောင်ကောင်းပီသစွာ ခိုင်ခိုင်မာမာဆုံးဖြတ်ခဲ့ပါတယ်။ ဒီမှန်ကန်တဲ့ သစ္စာတရားကြောင့် တောင်အာဖရိကနိုင်ငံဟာ အချိန်တိုအတွင်းမှာ ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ပြီး နိုင်ငံပြန်လည်ထူထောင်ရေးလုပ်ငန်းတွေကို တိုးမြှင့် ဖော်ဆောင် အောင်မြင်ခဲ့ပါတယ်။

"အကြွင်းမဲ့ငြိမ်းချမ်းရေးသာလျှင် လူမှုဖြစ်ပေါ် တိုးတက်ရေးကို အကျိုးပြုစေလျက်လက်နက်ကိုင်အကြမ်းဖက်(ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှု)ဟာ လူမှုဖြစ်ပေါ် တိုးတက်ရေးကို

အောင်သူမိုး (မြင်းခြံ)

အကျိုးယုတ်စေပြီး ဆုတ်ယုတ်ကျဆင်းစေတယ်"လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။

"လက်နက်ကိုင် အကြမ်းဖက်လမ်းစဉ်ဟာ ကြမ်းကြုတ်ရက်စက်တဲ့ လူရိုင်းခေတ်ကို နောက်ကြောင်းပြန်လှည့်စေတယ်"

ယနေ့ တပ်မတော်အစိုးရရဲ့ ကြိုးစားအားထုတ်မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်(၁၇)ဖွဲ့ဟာ တပ်မတော်အစိုးရနဲ့ အပြန်အလှန်ယုံကြည်မှု တည်ဆောက်နိုင်ပြီး ငြိမ်းချမ်းရေးနဲ့ လက်နက်လဲလှယ်၍ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ကြတယ်။ ထိုမှတစ်ဆင့် အကြွင်းမဲ့ငြိမ်းချမ်းရေးဖြင့် ဒေသနဲ့ ဒေသခံတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးကို စတင်အကောင်အထည်ဖော်နေကြပြီ ဖြစ်ပါတယ်။ ဒီအပေါ်မှာ ပြည်သူအပေါင်းဟာ ဝမ်းမြောက်ဝမ်းသာ ပီတိဖြာနေကြပါတယ်။

ဒီလိုအခြေအနေမှာ ပြည်သူတွေရဲ့ အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတွေကို မရှုလိုမမြင်လို၊ ဖျက်လိုဖျက်ဆီးသဘောနဲ့ နိုင်ငံရေး၊ စီးပွားရေး တည်ငြိမ်မှုပျက်ပြားအောင် ၇-၅-၂၀၀၅ရက်နေ့က ဗုံးခွဲသတ်ဖြတ်ပြီး ပြည်သူတွေ ကျိုးလန့်စာစား ဖြစ်စေလိုတဲ့ သဘောထားဟာ ခေတ်နောက်ကျတဲ့ လူ့အရိုင်းအစိုင်းတွေရဲ့ လုပ်ရပ်သဘောထားသာဖြစ်ပါတယ်။

ရောင်စုံသောင်းကျန်းသူတွေရဲ့ နှစ်ပေါင်း ၄၀ ကျော် ကျင့်သုံးခဲ့တဲ့ လက်နက်ကိုင် လမ်းစဉ်နဲ့ အကြမ်းဖက်ဝါဒကို ပြည်သူလူထုရဲ့ ထောက်ခံအားပေးမှု မရခဲ့တာကြောင့် ကျရှုံးကျေပျက်သွားခဲ့ရပါတယ်။ ကြမ်းကြုတ်ရက်စက်တဲ့ နည်းကိုသုံးပြီး နိုင်ငံရေး အောင်မြင်မှုရအောင် ကြိုးစားအားထုတ်မှုတိုင်းဟာ ပြည်သူလူထုရဲ့ ဆန့်ကျင်မှုကို ခံရမှာကေန်မလွဲဖြစ်ပါတယ်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ (ဒီမိုကရေစီ အခြေခံအုတ်မြစ်) ခိုင်မာအောင် ဖော်ဆောင်လျက် ကုန်လုပ်စွမ်းအားစုတွေ (တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ ဖွံ့ဖြိုးတိုးတက်မှု၊ အလုပ်သမား၊ လယ်သမားတွေ ဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုနဲ့ စိုက်ပျိုးရေး စီမံကိန်းကြီးများ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ပေါ်စေမှု)၊ ကုန်လုပ်စွမ်းအားစု မြင့်မားတိုးတက်မှုနဲ့အတူ ကုန်လုပ်ဆက်ဆံရေး (နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု)တွေလိုက်ပါမြင့်မားတိုးတက်လာပြီး စည်းကမ်းပြည့်ဝခိုင်မာတဲ့ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဖော်ဆောင်မှုကိုသာ ပြည်သူလူထုက ထောက်ခံကြမှာ ဖြစ်ပါတယ်။

အရှေ့အလယ်ပိုင်း ပဋိပက္ခဖြစ်ပွားမှုကြောင့် တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက်သတ်ဖြတ်နေကြရာမှာ ခေါင်းဆောင်တစ်ဦးက "တို့တစ်တွေရဲ့ ဘဝဟာ သေနတ်နဲ့ချောင်းမြောင်းပစ်ခတ်တာ ခံရမလား၊ ဗုံးခွဲသတ်ဖြတ်တာ ခံရမလား"ဆိုတဲ့ စိုးရိမ်စိတ်တွေနဲ့ နေ့စဉ်နဲ့အမျှ နာရီမလပ် ခံစားနေရတယ်။ ဒီလိုကြမ္မာဆိုးတွေ ဆက်လက်မခံစားစေရအောင် အားလုံးစုပေါင်းကြိုးစားအဖြေရှာရမယ်၊ ဒီလို ကြမ္မာဆိုးတွေကို ဒို့ရဲ့မျိုးဆက်သစ်သားစဉ်မြေးဆက်တွေအပေါ် ပခုံးပြောင်း လက်ဆင့်ကမ်းမပေးခဲ့နိုင်အောင် ကြိုးစားရမယ်"လို့ ပြောကြားခဲ့ပါတယ်။

မင်းသားမလုပ်ရလို့ ပတ်မကြီး ထိုးဖောက်ချင်သူတွေ၊ ပြည်သူတွေ သေကျေပျက်စီးမှုဟာ မိမိတို့ရဲ့နိုင်ငံရေး အမြတ်ဖြစ်တယ်လို့ ယူဆနေသူတွေ၊ ပြည်သူတွေ ထိခိုက်နစ်နာမှုတွေများလာရင် အုံကြွပြီး တည်ဆဲအစိုးရကို အကျပ်ကိုင် ဖြုတ်ချနိုင်မယ်လို့ စိတ်ကူးယဉ်နေသူတွေဟာ ယနေ့ မြန်မာနိုင်ငံမှာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်နေတဲ့ အခြေအနေကောင်းတွေကို မကြားလို မမြင်လိုရုံသာမဟုတ်ဘဲ လုံးဝမလိုလားမရှုဆိတ်သူတွေသာဖြစ်တယ်။ ဒါကြောင့် အကြမ်းဖက် အဖျက်သမား(Terrorist)တွေရဲ့ လူမဆန်စွာ ရက်စက်ယုတ်မာမှုကို ပြည်သူနဲ့ တပ်မတော် ပူးပေါင်းလက်တွဲ ချေမှုန်းတိုက်ဖျက်သွားကြရမှာပဲ ဖြစ်တယ်။

"ပြည်သူ့အင်အားသည် နိုင်ငံ့အင်အားဖြစ်သည်"

ပြည်သူများအနေနဲ့ "နိုင်ငံတော် ကာကွယ်ရေး တာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်"လို့ ခံယူပြီး မသင်္ကာဖွယ်ရာ ကိစ္စများ၊ ထူးခြားတဲ့ ဖြစ်ရပ်များကို တွေ့ရှိကြားသိရပါက နီးစပ်ရာ လုံခြုံရေးအဖွဲ့အစည်းများထံ အမြန်ဆုံးသတင်းပို့ခြင်းဖြင့် နိုင်ငံတော်နဲ့ မိမိတို့ပြည်သူလူထု အန္တရာယ်အသွယ်သွယ်မကျရောက်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

ရောင်စုံသောင်းကျန်းသူတွေရဲ့ နှစ်ပေါင်း ၄၀ ကျော် ကျင့်သုံးခဲ့တဲ့ လက်နက်ကိုင်လမ်းစဉ်နဲ့ အကြမ်းဖက်ဝါဒကိုပြည်သူလူထုရဲ့ ထောက်ခံအားပေးမှု မရခဲ့တာကြောင့် ကျရှုံးကျေပျက်သွားခဲ့ရပါတယ်။ ကြမ်းကြုတ် ရက်စက်တဲ့ နည်းကိုသုံးပြီး နိုင်ငံရေး အောင်မြင်မှု ရအောင် ကြိုးစားအားထုတ်မှုတိုင်းဟာ ပြည်သူလူထုရဲ့ဆန့်ကျင်မှုကို ခံရမှာ ကေန်မလွဲဖြစ်ပါတယ်။

တောင်ဥက္ကလာပ မြို့နယ်အမှတ် (၁၀) ရပ်ကွက် အတွင်းရှိ နိုင်ငံသား အရည်အချင်း ပြည့်မီသူများ နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်ရန် မြို့နယ် ဦးစီးမှူး ဦးတိုးလင်းနှင့် ဝန်ထမ်းများမေသာရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ရန်ကုန်တိုင်း လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်/လဝက)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၁၇ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၇၁၁၆)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

တိုင်းမှူးဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် မုံရွာ–ရွှေဘိုလမ်း စိမ်းလန်းစိုပြည်ရေး စိုက်ပျိုးပင်များ စစ်ဆေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ မုံရွာ–စစ်ကိုင်းကားလမ်းဘေး ဝဲယာစိုက်ခင်းများအတွက် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ရန်ကုန် မေ ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် မေ၁၇ရက် နံနက်ပိုင်းက စစ်ကိုင်းမြို့ ကောင်းမှုတော်ပျိုးဥယျာဉ်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက စစ်ကိုင်းတိုင်းအတွင်း စစ်ကိုင်း–မုံရွာလမ်းနှင့် စစ်ကိုင်း–ရွှေဘိုလမ်း ဝဲယာ၌သစ်ပင်များ စိုက်ပျိုးထားရှိမှု၊ သက်ရင့်သစ်ပင်ကြီးများ ရှင်သန်မှုနှင့် ထပ်မံစိုက်ပျိုးသွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ စစ်ကိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးနိုင်က ဖြည့်စွက်ရှင်းလင်း တင်ပြသည်။ ထို့နောက် ဝန်ကြီးသည် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် စစ်ကိုင်းမြို့နယ် ပဲကတိုး ပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပျိုးပင်များ ပျိုးထောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ စစ်ကိုင်း–မုံရွာလမ်း မိုင်တိုင်အမှတ် ၀/၂၃ ၌ သစ်ပင်များစိုက်ပျိုးရန် ပြင်ဆင်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၆/၁၁–၃/၅၆၌ လမ်းဘေး ဝဲယာ ကွက်လပ်ဖြည့် စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ချောင်းဦးမြို့နယ် ရေပိုးစားပျိုးဥယျာဉ် ရှင်းလင်းဆောင်၌ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးနှင့်အဖွဲ့အား ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းက လာမည့်မိုးရာသီကာလတွင် သစ်ပင်စိုက်ပျိုးရေးအတွက် မြို့နယ်အလိုက် တာဝန်ယူဆောင်ရွက်ရမည့်တည်နေရာ၊ ၁၉၉၄–၁၉၉၅မှ ၂၀၀၄–၂၀၀၅ ခုနှစ်အထိ စိုက်ပျိုးထားရှိမှု၊ ရှင်သန်မှု၊ ကွက်လပ်ဖြည့် စိုက်ပျိုးရေးတို့အတွက် ပြင်ဆင်ထားရှိမှုများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ စစ်ဦးစီးမှူး(ပထမတန်း)ဒုတိယ ဗိုလ်မှူးကြီးဌေးဝင်းနှင့် မုံရွာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်စိန်တို့က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

မှာကြား

ယင်းနောက် တိုင်းမှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ဝန်ကြီးက ပျိုးပင်များ လုံလောက်စွာရရှိရေးနှင့် သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ဦးစီးဌာနတို့က ဆောင်ရွက်ရမည့် တာဝန်များကို ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် ၀/၆၀ မှ ၂/၆၀ရှိ ကွက်လပ်ဖြည့် စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှုများကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၅/၇၃ရှိ ဖောဓိတစ်ထောင်ဖြတ်လမ်း ဝဲယာ သစ်ပင်စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မုံရွာမြို့အဝင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက စိုက်ပျိုးထားသော တစ်အုပ်တစ်မ စိုက်ခင်းမှ တစ်နှစ်သက်တမ်းရှိ စိုက်ပျိုးပင်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အရာတော် မြို့နယ် ဦးစီးမှူးရုံးသို့ရောက်ရှိရာ လက်ထောက် ညွှန်ကြား ရေးမှူး ဦးတင်မောင်အေး၊ ညွှန်ကြားရေးမှူးချုပ် ဦးထွန်း ထွန်းတို့က မုံရွာ–ရွှေဘို ဖြတ်လမ်းဝဲယာ သစ်ပင်စိုက်ပျိုး မှု၊ ရှင်သန်မှု၊ ထိန်းသိမ်းထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးသည် ဝက်လက်မြို့နယ် ရေထွက်ပျိုးဥယျာဉ်ရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၌ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်း၊ ညွှန်ကြားရေးမှူး ဦးစိုးလှ၊ ရွှေဘိုခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဝင်းနိုင်တို့ က စစ်ကိုင်း–ရွှေဘိုလမ်း ဝဲယာ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြ ကြရာ ဝန်ကြီးက လိုအပ်သည်များ ဆောင်ရွက်ပေးပြီး ပျိုးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှ တစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေဘိုမြို့သို့ ထွက်ခွာပြီး လမ်းဘေးဝဲယာ တစ်လျှောက် သစ်ပင်များ ရှင်သန်မှုနှင့်၊ ကွက်လပ်ဖြည့်ရန် လိုအပ်သည့် နေရာများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် ရွှေဘို–စစ်ကိုင်းလမ်း မိုင်တိုင်အမှတ် ၃/၄၄ မှ ၇/၄၆ထိ သစ်ပင်များ ကွက်လပ် ဖြည့် စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မိုင်တိုင်အမှတ် ၃/၄၃ မှ ၂/၄၄ အထိ သစ်ပင်များ စိုက်ပျိုးရန် ပြင်ဆင်ထားရှိမှု အခြေအနေ များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ညနေပိုင်းတွင် အမရပူရမြို့ အမှတ်(၂) ပုံဖော်စက်ရုံဝင်းအတွင်း သစ်ပါးလွှာနှင့် သစ်အခြေခံ ကုန်ချောစက်ရုံ တည်ဆောက်ရေး စီမံကိန်း ရှင်းလင်း ဆောင်သို့ရောက်ရှိရာ မိုမင်တန်ထရေးဒင်း အင်တာပရိုက်စ် လီမိတက်မှ တာဝန်ခံ ဦးကြည်စိန်က စက်ရုံတည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးသည် တည်ဆောက်ရေးလုပ်ငန်း ခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလ အတွင်းပြီးစီးရေး၊ အရည်အသွေး ကောင်းမွန်သည့် စက်များ တပ်ဆင်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြား ဖြည့်ဆည်း ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လက်ခံရယူ

ကွယ်လွန်သူ ဦးသန်းညွန့်(၆)နှစ်ပြည့်အား ရည်စူး၍ အမှတ်၇၅(စီ) ဗိုလ်ရာညွန့်လမ်း ဒဂုံမြို့နယ်နေ ဒေါ်မြင့်မြင့်သက်နှင့် သားသမီး၊ မြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆွမ်းပဒေသာပင် အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှသိန်း လက်ခံရယူစဉ်။

(က–ပ)

အမ်းမြို့တွင် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသပေး ကျန်းမာရေးပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၁၉

ရခိုင်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း ဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေး ဟောပြောခြင်းအခမ်းအနားကို မေ ၁၅ရက် နံနက်ပိုင်းက အမ်းမြို့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အမှုနဒီခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မင်းအောင်လှိုင်၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ကြူကြူလှ၊ ပြည်နယ်၊ ခရိုင်၊မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ကျန်း မာရေးစောင့်ရှောက်မှုလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် နေမှုများနှင့် စပ်လျဉ်း၍ အကျယ် တဝင့်ရှင်းလင်းအမှာစကားပြောကြား သည်။

ဆွေးနွေးဟောပြော

ထို့နောက် ပြည်နယ်ကြီးကြပ် ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အထူးကု ဆရာဝန်ကြီးများက ကျန်းမာရေး ဆိုင်ရာနှင့် အမျိုးသမီးရေးရာ သိ ကောင်းစရာများကို အသီးသီးရှင်း လင်းဆွေးနွေး ဟောပြောကြသည်။

လှည့်လည်ကြည့်ရှုအားပေး

ဆက်လက်၍ အမ်းမြို့နယ်မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေး ရာသက်ပန် အသင်းဝင်အဆိုပြုလွှာ များကို ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြူကြူလှ ထံပေးအပ်ပြီး နောက်တိုင်းမှူးနှင့်ဇနီး တာဝန်ရှိသူများ သည် အထူးကုဆရာဝန်ကြီးများ၏ ကျန်းမာရေးစစ်ဆေး ဆေးကုသပေး နေမှုကို လှည့်လည်ကြည့် ရှုအားပေး ကြသည်။

အဆိုပါအခမ်းအနားတွင် လူနာ ၂၇၅ဦးအား ဆေးကုသမှုများ ပြုလုပ် ပေးပြီး ဆေးဝါးများအခမဲ့ ဖြန့်ဝေ ပေး၍ တက်ရောက်လာကြသူများ အား ပညာပေးလက်ကမ်း စာစောင်နှင့် စာအုပ်များအခမဲ့ဖြန့် ဝေပေးခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် အမ်းတပ်နယ် အမ်းရိုးမခန်းမ၌ ကျင်း ပသောပြည်နယ်မိခင်နှင့်ကလေး စောင့် ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အထူး ကုဆရာဝန်ကြီးများ ကွင်းဆင်း ဆေး ကုသခြင်း၊ ပညာပေးဟောပြော ခြင်း အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက အမှာစကား ပြောကြားပြီး အထူးကုဆရာဝန် ကြီးများက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေး ဟောပြောကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီး တာဝန်ရှိသူများသည်အထူးကုဆရာဝန် ကြီးများက ပြည်သူများအား ကျန်းမာ ရေးစစ်ဆေးကုသပေးနေမှုကို ကြည့်ရှု အားပေးကြသည်။

အဆိုပါအခမ်းအနားတွင် အထူး ကုဆရာဝန်ကြီးများက လူနာ ၁၇၂ဦး အား ဆေးကုသခြင်းနှင့် သွေးဖောက် စစ်ဆေးခြင်းများ ပြုလုပ်ပေး၍ ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးကာ တက်ရောက်လာကြသူများအား ပညာ ပေးစာစောင်များနှင့် စာအုပ်များ အခမဲ့ဖြန့်ဝေ ပေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

သင်ကြားရေး၊ လက်တွေ့နှင့် သုတေသနလုပ်ငန်းများ ပညာရည်မြင့်မားရေးအတွက် ဆက်စပ်ဆောင်ရွက်

ရန်ကုန် မေ ၁၉

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမောင်မောင်ဝင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၉နာရီက ဆေးတက္ကသိုလ်(၂) ရန်ကုန်သို့သွားရောက်၍ စာသင်ဆောင်များပြုပြင်ထိန်းသိမ်းမှု၊ စာသင်ဆောင်၊ လက်တွေ့အသုံးချဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာသန်းနုရွှေနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စာကြည့်တိုက်အဆောင်သို့ သွားရောက်၍ Electronic Media Roomခန်းမရှိ သင်ထောက်ကူပစ္စည်းများ ထုတ်လုပ်မှုနှင့် စာဖတ်ခန်း၊ Electronic Library တွင် Internet ဖြင့် လေ့လာခြင်း၊Common Research Laboratoryဌာနရှိ Microbiology Section Tissue Culture Section ဓာတ်ခွဲခန်း၌ ခေတ်မီComputerအသုံးပြုသင်ကြားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျွမ်းကျင်သော ဝန်ထမ်းများ လေ့ကျင့်မွေးထုတ်ထားရှိရန် မှာကြားသည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသန်းနုရွှေက ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ ဖွဲ့စည်းပုံအင်အား၊ သင်ကြားရေးအခြေအနေ၊ အဆောက်အအုံများ ပြုပြင်မွမ်းမံမှု၊ ဘွဲ့လွန်သင်တန်းသားများ လေ့ကျင့်မွေးထုတ်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမောင်မောင်ဝင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးက သင်ကြားရေး၊ လက်တွေ့နှင့် သုတေသနလုပ်ငန်းများ၏ ပညာရည်မြင့်မားရေးကဏ္ဍအတွက် ဆက်စပ်ဆောင်ရွက်ကြရန်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီးသို့ သွားရောက်၍ လူနာများအားကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြသောင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မြောက်ဥက္ကလာပ အထွေထွေရောဂါကုဆေးရုံကြီး တိုးချဲ့ခွဲစိတ်ကုသဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲ ၁ နာရီခွဲတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်သို့သွားရောက်၍ ခွဲစိတ်ခန်းမ တည်ဆောက်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဘမြင့်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်၏ လေ့ကျင့်သင်ကြားပေးမှု အခြေအနေနှင့် ဘွဲ့လွန် ပြည်ပပါရဂူဘွဲ့ ပညာသင်စေလွှတ်မှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် စာကြည့်တိုက်နှင့် သွားတုလုပ်ငန်း ကျွမ်းကျင်မှု သင်တန်းကျောင်း၊ သွားတုလုပ်ငန်း ကျွမ်းကျင်မှုသင်တန်းသားများ၏ လက်တွေ့သင်ကြားမှုများကို လှည့်လည်ကြည့်ရှုကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွားထိုးကြီးမြို့နယ် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေး ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်

နွားထိုးကြီး မေ ၁၆

မြို့နယ်အတွင်းရှိ ကျေးရွာများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ပံ့ပိုးမှု၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ကျေးရွာများတွင် ဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်လျက်ရှိရာ မေ၆ရက် မွန်းလွဲ၂နာရီက နွားထိုးကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ဆွေသည် ကဒေါင်း ကျေးရွာအုပ်စု ငှက်ပျောအိုင်ကျေးရွာဇီဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်နေမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာ စက်ရုံ တာဝန်ခံများ ဖြစ်ကြသော ကျောက်ဆည် နည်းပညာကောလိပ်မှ လက်ထောက်ကထိက ဦးကျော်ကျော်နှင့် ဦးညဏ်လင်းထက်၊ ကျေးရွာဥက္ကဋ္ဌဦးအောင်နိုင်ဦးနှင့်ကျေးရွာလျှပ်စစ်မီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးဘိုကြည်တို့က အစာဖျော်ကန်၊ အစာစွန့်ပစ်ကန်၊ ဓာတ်ငွေ့သိုလှောင်ကန်နှင့် စက်ရုံအဆောက်အအုံ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းဆောင်ရွက်ရေး

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက စက်ရုံအား သတ်မှတ်ကာလအတွင်း အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ စက်ရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်စွာ ရှင်းလင်းဆောင်ရွက်ရေး၊ လမ်းမီးတိုင်များ အမြန် စိုက်ထူ၍ ကြွေသီးများနှင့် မီးကြိုးများ သွယ်တန်းရေး၊ နွားချေးများ အချိန်မီ စုဆောင်း၍ ဓာတ်ငွေ့စမ်းသပ် ထုတ်လုပ်ရေးတို့ကို ရှင်းလင်းပြောကြားသည်။ **(၂၁၃)**

ဖွံ့ဖြိုးစည်ပင် ကျေးလက် တစ်ခွင်

သီပေါမြို့နယ် နားပန်ကျေးရွာအခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

သီပေါ မေ ၁၀

ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း၏ ထောက်ပံ့ကူညီမှု၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပေါင်းစပ်ညှိနှိုင်းမှု၊ စေတနာရှင်များနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် တည်ဆောက်ခဲ့သော အခြေခံပညာမူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို မေ ၅ ရက် နံနက်၁၀နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် လော်ခွန်ကျေးရွာအုပ်စု နားပန်ကျေးရွာ၌ ကျင်းပရာ သီပေါမြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့ခေါင်းဆောင် မစ္စတာဆာတို၊ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးတင့်နှင့် ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်ဆေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အမှာစကားပြောကြား

အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း (စေတနာ) အဖွဲ့ခေါင်းဆောင် မစ္စတာဆာတိုတို့က အမှာစကားပြောကြားကြပြီး နားပန်မူလတန်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဆိုင်နွမ်းက ကျောင်း၏ ဖြစ်ပေါ်လာပုံနှင့် သမိုင်းကြောင်းကို ရှင်းလင်း တင်ပြသည်။

လွှဲပြောင်းပေးအပ်

ဆက်လက်၍ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ကျေးရွာဥက္ကဋ္ဌ ဦးဆန်ဆေးကပညာရေးဌာနသို့ကျောင်းအဆောက်အအုံနှင့် စာရင်းဇယားများကိုလွှဲပြောင်းပေးအပ်ရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးတင့်က လက်ခံ ရယူသည်။

အဆိုပါ နားပန်ကျေးရွာမူလတန်းကျောင်း ခေတ်မီကျောင်းဆောင်သစ်ကို ဂျပန်နိုင်ငံ နိပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့နှင့် ကျေးရွာပြည်သူများပူးပေါင်းဆောက်လုပ်ခဲ့ပြီး အလျားပေ ၁၂၀နှင့် အနံ ပေ၃၀ကို ငွေကျပ် ၉၃သိန်းကျော်ဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၃၀၆)**

ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက်ရေနံချောင်းမြို့နယ် ကျည်ကြီးကျေးရွာ အလှူရှင်စက်ရေတွင်း တူးဖော်မှုကို မေ ၄ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့ ကွင်းဆင်းဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ဟိုပင်မြို့တွင် မြေခင်းအလှပြုပြင်ရေး စုပေါင်းဆောင်ရွက်

ဟိုပင် မေ ၅

ဟိုပင်မြို့ စိမ်းလန်းစိုပြည်ရေးနှင့် သာယာလှပရေးအတွက် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေများအသုံးပြု၍ ဆောင်ရွက်လျက်ရှိရာ ဟိုပင်မြို့ ပြည်ထောင်စုလမ်းမကြီးနှင့် နန့်ရှင်းရွာ လမ်းဆုံတွင် မြေခင်းအလှပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်မှုကို ဧပြီ ၃၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်သွင်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက စုပေါင်း ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ပြင်စလူမြို့နယ်တွင် ကျေးလက်စာကြည့်တိုက်များဖွင့်

ပြင်စလူ မေ ၁၇

မြောင်းမြခရိုင် ပြင်စလူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် စလူဆိပ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ ပူးပေါင်း၍ မေ ၁၀ရက်က ကျေးရွာခြောက်ရွာတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကျင်းပရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးသန်းမြင့်က ကျေးရွာဥက္ကဋ္ဌ ဦးလှသန်းသို့ စာအုပ်မျိုးစုံ ၄၀၀၀ ကျော်ကို ပေးအပ်လှူဒါန်းပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးမောင်မောင်က ရုံးချုပ်မှ ပေးပို့သော စာအုပ်များကို ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ) (မြို့နယ်ပြန်/ဆက်)**

ခန္တီးမြို့နယ်တွင် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ရေစုကန်ဖွင့်ပွဲကျင်းပ

ခန္တီး မေ ၁

စစ်ကိုင်းတိုင်း ခန္တီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်ခဲ့သော ခန္တီးမြို့ ဆင်သေကျေးရွာအုပ်စု လက်ဖက်ခင်းကျေးရွာတွင် စိမ့်စမ်းရေသွယ်ယူခြင်းနှင့် ရေစုကန် တည်ဆောက်ခြင်း လုပ်ငန်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၇ရက်က ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလှမိုး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းဇော်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးမြမောင်နှင့် ဆင်သေကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးဦးသန်းမောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါ ရေပေးရေးလုပ်ငန်းမှာ နှစ်လက်မ ပီဗွီစီရေပိုက် အရှည်ပေ၇၀နှင့် ရေစစ်ကန်အပါအဝင် ရေဂါလန် ၄၀၀ဆံ့ ရေစုကန်တို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁ ဒသမ ၅ သိန်းအကုန်အကျခံ ဆောင်ရွက်ခဲ့ပြီး ကျေးရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာဖြစ်ထွန်းဖြူးပေးနိုင်ကြောင်းနှင့်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၅၃ရွာတွင် တွင်းတိမ်၁၀တွင်း၊ လက်တူးတွင်း၁၃တွင်းနှင့် စိမ့်စမ်းရေသွယ်ယူခြင်း ၃၀အပါအဝင် စုစုပေါင်းကျေးလက် ဒေသသန့်ရှင်းသောသောက်သုံးရေရရှိရေး လုပ်ငန်းပေါင်း၅၃ခုကို ဆောင်ရွက်ပေးကြကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက်စာကြည့်တိုက်များ မိုင်းဆတ်မြို့နယ်၌ဖွင့်

မိုင်းဆတ် မေ ၁၅

မိုင်းဆတ်မြို့နယ်အတွင်း ကျေးလက်စာကြည့်တိုက်များ ဖွင့်လှစ်လျက်ရှိရာ မေ၇ရက်က ကပူနားကိုကျေးရွာ၌လည်းကောင်း၊မေ၁ရက်က မယ်ဆွမ်တောင်ရပ်ကွက်၌လည်းကောင်း၊ မေ၂ရက်က ကောင်းမှုတန်ကျေးရွာ၌ လည်းကောင်း ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားများ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဦးအောင်မြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးတင် ညွှန့်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဦးဝင်းတင့်က စာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

အခမ်းအနားများသို့ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက်/ကျေးရွာဥက္ကဋ္ဌများနှင့်ပြည်သူများတက်ရောက်ကြပြီး မြို့နယ်အသင်း အတွင်းရေးမှူး ဦးခင်မောင်ကျော်နှင့် အလှူရှင်များက သုတ၊ ရသစာအုပ်မျိုးစုံ ၄၅၀ ပေးအပ် လှူဒါန်းကြကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

လူငယ်ဒိုင်လူကြီးများ ပေါ်ထွက်လာစေရေး မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် သင်တန်းဖွင့်

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၁၂ ရက်က အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) (ကျိုက္ကဆံကွင်း) သင်တန်းခန်းမ၌ကျင်းပသော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်း၍ မျိုးဆက်သစ်လူငယ်များ အားကစားတွင် စနစ်တကျပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့် လူငယ်ဒိုင်လူကြီးများပေါ်ထွက်လာစေရေးအတွက် Global Youth Hockey Marathon Umpires လှုပ်ရှားမှုအခမ်းအနားဖွင့်ပွဲသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲသို့ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသားအားကစားအဖွဲ့ချုပ်မှ ဟော်ကီအားကစားနည်းဆိုင်ရာ နာယကများ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်၊ ဒုတိယဥက္ကဋ္ဌများနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်မျိုးမြင့်တို့က အမှာစကားပြောကြားကြသည်။

ချီးမြှင့်

ဆက်လက်၍ ဝန်ကြီး၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အပြည်ပြည်ဆိုင်ရာ ဟော်ကီအဖွဲ့ချုပ်၏ Global Youth Hockey Marathon Umpires လှုပ်ရှားမှုအစီအစဉ်အတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးသော အမှုဆောင်ကိုးဦးနှင့် Fih Dcc Panel Member ဦးကျော်နိုင်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ကြသည်။

တာဝန်ယူ

ထို့နောက် လူငယ် ဟော်ကီအားကစားသမားများအား သုံးသင်းခွဲ၍ ဟော်ကီအားကစားကွင်းတွင် သရုပ်ပြပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ယင်းပွဲတွင် လူငယ်ဒိုင်လူကြီးများက ဒိုင်အတွေ့အကြုံရရှိရေးအတွက် လက်တွေ့ဒိုင်လူကြီးများအဖြစ် တာဝန်ယူဆောင်ရွက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မေ ၁၂ ရက်က ကျောက်တန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက စံချိန်မှီရပ်ကွက်အတွင်းရှိ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးရာ ရန်ကုန်တိုင်း ဦးစီးမှူးနှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးစဉ်။
(မြို့နယ်/လဝက)

အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၁၉

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၄-၂၀၀၅ခုနှစ် ဘောလုံးရာသီ အဆင့်မြင့်တန်း ကွင်းပိတ်(ရှုံးထွက်)ဘောလုံးပြိုင်ပွဲကို လာမည့် ဇွန် ၂ ရက်မှစတင်၍ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အဆင့်မြင့်တန်းမှ ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ရှုံးထွက်ပွဲစဉ်များ ရေးဆွဲထားပြီး ဖြစ်သည်။

ယှဉ်ပြိုင်ရမည်

ပွဲစဉ်ရေးဆွဲထားမှုအရ ဇွန် ၂ ရက်တွင် စီးပွား/ကူးသန်းအသင်းနှင့် တံခွန်အသင်း၊ ၃ ရက်တွင် စွမ်းအင်အသင်းနှင့် သစ်တောရေးရာအသင်း၊ ၄ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးအသင်း၊ ၅ ရက်တွင် တပ်မတော်(ကြည်း)အသင်းနှင့် ကမ္ဘောဇအသင်း၊ ၆ ရက်တွင် ဘဏ္ဍာ/အခွန်အသင်းနှင့် ပြည်ထဲရေးအသင်း၊ ၇ ရက်တွင် ဆောက်လုပ်ရေးအသင်းနှင့် လယ်ယာ/ဆည်မြောင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည် ဖြစ်သည်။

ဆုကြေးချီးမြှင့်မည်

လယ်ယာထွက်ကုန် အသင်းနှင့် မြို့တော်စည်ပင်အသင်းတို့ ဘိုင်ရသဖြင့် ပထမအဆင့် ရှုံးထွက်ပွဲစဉ် မကစားရဘဲ ကွာတားဖိုင်နယ်အဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အဆင့်မြင့်တန်းတွင် ၁၆ သင်းရှိသော်လည်း မလိခအသင်း ပါဝင်ယှဉ်ပြိုင်ခြင်းမရှိဘဲ ပတ္တမြားနဂါးအသင်းကလည်း အသင်း ဖျက်သိမ်းလိုက်ပြီဖြစ်၍ ၁၄ သင်းသာ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ပြိုင်ပွဲတွင် ဆုကြေးချီးမြှင့်မည်ဖြစ်ရာ ပထမဆု ငွေကျပ် သိန်း ၃၀၊ ဒုတိယဆု ငွေကျပ် သိန်း ၂၀ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လောင်စာတွေကို ရှင်း
မီးဘေးအန္တရာယ်ကင်း

ကမ္ဘာတစ်လွှား အားကစား

စပို့တင်းတို့ မိမိကွင်း မိမိပရိသတ်ရှေ့တွင် ရှုံးပွဲကြုံ စီအက်စ်ကေအေတို့ ယူအီးအက်ဖ်အေဖလားဆွတ်ခူး

လစ္စဘွန်း မေ ၁၉

ယူအီးအက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့ရှိ စပို့တင်းကလပ်အသင်းပိုင် ဂျို့အယ်ဗာလာဒီအားကစားကွင်းသစ်ကြီး၌ မေ ၁၈ ရက်က စပို့တင်းနှင့် စီအက်စ်ကေအေတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ဧည့်သည်စီအက်စ်ကေအေတို့က သုံးဂိုး-တစ်ဂိုးဖြင့် မမျှော်လင့်ဘဲ အနိုင်ရရှိခဲ့သဖြင့် ယူအီးအက်ဖ်အေဖလားကြီးကို ပထမဆုံးအကြိမ်အဖြစ် ရုရှားမြေသို့ သယ်ဆောင်သွားနိုင်ခဲ့ပြီဖြစ်သည်။

ရုရှားဘောလုံးကလပ်အသင်းများ အနေဖြင့် ဥရောပအဆင့် ဘောလုံးပြိုင်ပွဲများတွင် တစ်ကြိမ်တစ်ခါမျှ ချန်ပီယံဖလားမရရှိခဲ့ဖူးရာ ယခု ယူအီးအက်ဖ်အေဖလားရရှိမှုသည် ရုရှားဘောလုံးလောကအတွက် ဂုဏ်ယူစရာအောင်မြင်မှုတစ်ရပ်ဖြစ်ခဲ့ရပြီဖြစ်သည်။

ပွဲစသည်နှင့် အပေးအယူ အချိတ်အဆက်မိမိဖြင့်ကစားပြီး စီအက်စ်ကေအေဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်ခဲ့ရာ စီအက်စ်ကေအေတို့က စပို့တင်းတိုက်စစ်ကိုသာ ဟန့်တားနေခဲ့ရသည်။

စပို့တင်းရှေ့တန်းမှ ရီကာဒို၊ လက်ဒ်ဆင်နှင့် တယ်လ်လို တို့ကို အလယ်တန်းမှ ဘာဘိုဆာနှင့် မော်တင်ဟိုက ဘောလုံးဖြန့်ဝေမှု မှန်ကန်စွာဖြင့် ဘယ်ညာတောင်ပံများမှ တိုက်စစ်ဆင်ကစားမှုကြောင့် စီအက်စ်ကေအေ ခံစစ်မှူးများ ကြုံသလိုဖျက်ထုတ်ရာမှ ပထမပိုင်းမပြီးမီမှာပင် ထောင့်ကန်ဘော ခုနစ်ကြိမ်ပေးခဲ့ရသည်။

စပို့တင်းတို့ တစ်ဖက်သတ်စိတ်ကြိုက်ကစားကွက်ဖြင့် အပေါ်စီးမှ ဖိကစားနေခဲ့ရာ ၂၈မိနစ်တွင် စီအက်စ်ကေအေ ဂိုးဧရိယာအစပ်မှ စီအက်စ်ကေအေ နောက်ခံလူတစ်ဦးထံမှ လျှံထွက်လာသည့် ဘောလုံးကို စပို့တင်းအလယ်တန်းမှ ရိုဂါရီရိုက အမှတ်မထင် ကန်သွင်းရာ စီအက်စ်ကေအေ ဂိုးသမား လှုပ်ချိန်မရလိုက်ဘဲ ဂိုးပေးလိုက်ရသဖြင့် စပို့တင်းတို့ ဖွေဆော်ဦးအဖွင့်ဂိုး ရရှိခဲ့သည်။

ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲတွင် စပို့တင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူဗိုလ်စွဲခဲ့သည့် စီအက်စ်ကေအေ ဘောလုံးသမားများ ဤသို့ ဆုဖလားကိုင်မြှောက်ကာ အောင်ပွဲခံခဲ့ကြသည်။
(ဓာတ်ပုံ-အင်တာနက်)

အဖွင့်ဂိုးပေးလိုက်ရသည့် စီအက်စ်ကေအေတို့ ချေပဂိုးရရှိရေး ကြိုးစားသော်လည်း စပို့တင်းနောက်တန်းကို မကျော်နိုင်ဘဲရှိရာ ပွဲချိန် ၃၃ မိနစ်တွင် စီအက်စ်ကေအေမှ ကာဗယ်ဟို ဂိုးရှေ့သို့ ခုတ်တင်ပေးလိုက်သည့် ဘောလုံးကို နောက်ခံလူ ဘီရီဇော့စကီ ခေါင်းတိုက်သွင်းသော်လည်း ဂိုးပေါက်လွဲသွားခဲ့သဖြင့် နစ်နာခဲ့ရသည်။

စပို့တင်းတို့က အနိုင်ဂိုးများ ဆက်လက်သွင်းနိုင်ရေး ကွင်းတစ်ဝက်ခန့် ဖိကစားလျက်ရှိရာ စီအက်စ်ကေအေတို့ ကစားကွက်တည်မရဘဲ ဖြစ်နေသည်။ စပို့တင်း အလယ်တန်း၊ ရှေ့တန်းကစားသမားများက အုပ်စုဖွဲ့ အပေးအယူလုပ် ထိုးဖောက်ကစားနေရာမှ တိုက်ပြန်တိုက်စစ်မှတစ်ဆင့် စီအက်စ်ကေအေမှ အိုလစ် ဂိုးရှေ့သို့ လွတ်လွတ်ကျွတ်ကျွတ် ဖြတ်ထိုးပေးလိုက်သည့်ဘောလုံးကို တိုက်စစ်မှူး ဇက်နာလစ်ဗ် ကန်သွင်းသော်လည်း ကန်ချက်လွဲချော်ခဲ့ရသဖြင့် နစ်နာခဲ့ရပြန်သည်။

ပထမပိုင်း ပွဲပြီးချိန်အထိ စီအက်စ်ကေအေတို့ ချေပဂိုးမသွင်းနိုင်ဘဲရှိနေရာ ပွဲချိန် ဒုတိယပိုင်းတွင် စီအက်စ်ကေအေတို့က ခံစစ်အထိုင် တန်ပြန်တိုက်စစ်ကို အဝေးဘောပေးပို့မှုများဖြင့် ကစားကွက်ပြောင်းကစားခဲ့ရာမှ ၅၆ မိနစ်တွင် ညာခြမ်းမှ စီအက်စ်ကေအေ တိုက်စစ်မှူးကာဗယ်ဟို ဂိုးရှေ့သို့ အမြှောက်ကန်တင်ပေးလိုက်သည့် ဘောလုံးကို နောက်ခံလူ ဘီရာဇော့စကီက ခေါင်းတိုက်သွင်းယူခဲ့သဖြင့် ချေပဂိုး ရရှိသွားသည်။

ချေပဂိုး အသွင်းခံလိုက်ရသဖြင့် စပို့တင်းတို့ အနိုင်ရရှိရေးအတွက် စိုးရိမ်ပိုလျက်ရှိရာ အနိုင်ဂိုးသွင်းနိုင်ရေး အပြင်းအထန် ကြိုးစားသော်လည်း စီအက်စ်ကေအေတို့က ခံစစ်ကို လုံအောင်ကစားပြီး တန်ပြန်တိုက်စစ်မှတစ်ဆင့် ၆၆ မိနစ်တွင် စီအက်စ်ကေအေ တိုက်စစ်မှူး ကာဗယ်ဟို ဘယ်ခြမ်းမှ ဂိုးရှေ့သို့ ဖြတ်ပေးလိုက်သည့် ဘောလုံးကို တိုက်စစ်မှူး ဇီဟာကော့ဗ်က လွတ်လွတ်ကျွတ်ကျွတ် ကန်သွင်းယူခဲ့သဖြင့် စီအက်စ်ကေအေတို့ ဒုတိယဂိုးရရှိခဲ့သည်။

စပို့တင်းတို့ မမျှော်လင့်ဘဲ ဂိုးသွင်းလိုက်ရသဖြင့် ချေပဂိုးရရှိရေး ကွင်းတစ်ဝက်ဖိကစားပြီး ဂိုးသွင်းခွင့်ရရှိရေး ကြိုးစားသော်လည်း တိုက်စစ်မှူးများ ဆန္ဒစောနေမှုနှင့် စီအက်စ်ကေအေတို့က ခံစစ်လုံအောင် ပိတ်ကစားနေမှုကြောင့် အပိုင်ဂိုးသွင်းခွင့် မရဘဲရှိနေသည်။

စပို့တင်းတို့ ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားနေရာမှ ၇၅မိနစ်တွင် စီအက်စ်ကေအေမှ ကာဗယ်ဟို ညာခြမ်းမှ ဘောလုံးဆွဲယူလာပြီး ဂိုးရှေ့သို့ ဖြတ်တင်ပေးလိုက်ရာဂိုးသမားကာကွယ်သော်လည်း မမိဘဲ ကျွံထွက်လာသည့် ဘောလုံးကို စီအက်စ်ကေအေ တိုက်စစ်မှူး ဇက်နာလစ်ဗ်က အပိုင်ကန်သွင်းခဲ့သဖြင့် တတိယဂိုး ရရှိခဲ့ပြန်သည်။

စပို့တင်းတို့ ချေပဂိုးနှင့် အနိုင်ဂိုးများရရှိရေး ကြိုးစားသော်လည်း စီအက်စ်ကေအေ ခံစစ်ကြောင်းကို ထိထိရောက်ရောက် မကျော်လွှားနိုင်ဘဲရှိရာမှ မိမိကွင်း၊ မိမိပရိသတ်ရှေ့တွင် သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

စီအက်စ်ကေအေ မော်စကိုအသင်းအနေဖြင့် အသင်းတည်ထောင်ခဲ့သည့် ၉၄ နှစ်အတွင်း ယခုနှစ်၌ ပထမဆုံးအကြိမ် ယူအီးအက်ဖ်အေဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ပြီး ပထမဆုံးအကြိမ် ယူအီးအက်ဖ်အေဖလားကိုလည်း ထိုက်ထိုက်တန်တန်ပင် ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်ပေသည်။ ။

(အင်တာနက်)

ယူအီးအက်ဖ်အေဖလား ဗိုလ်လုပွဲတွင် စီအက်စ်ကေအေမှ ကာဗယ်ဟို (ယာ) ထိုးဖောက်ကစားမှုကို စပို့တင်းမှ ရိုဂါရီရို ဟန့်တားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

သုံးခွမြို့နယ်လုံးဆိုင်ရာ သာသနာ့ဗိမာန်တော်ကြီး ပန္နက်တော်တင်မင်္ဂလာ အခမ်းအနားကျင်းပ

သုံးခွ မေ ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မြို့မရေလယ်ကျောင်းတိုက်အတွင်းတွင် သုံးခွမြို့ မြို့နယ်လုံးဆိုင်ရာကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရန်အတွက် ပန္နက်တော်တင် မင်္ဂလာအခမ်းအနားကို ဧပြီ ၂၂ရက် နံနက် ၆နာရီက မြို့မရေလယ်ကျောင်းတိုက်အတွင်း ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင် တက်ရောက်၍ ပန္နက်တော်တင်ပေးခဲ့သည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ သုံးခွမြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ကောဝိဒနှင့် အကျိုးဆောင်ဆရာတော်များ၊ မြို့မ ရေလယ်ကျောင်းတိုက်ဆရာတော် နန္ဒလင်္ကာရနှင့် သံဃာတော်များကြွရောက်တော်မူကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ၊ ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ များနှင့် အလှူရှင်မိသားစုများ တက် ရောက်ကြကြောင်း သိရသည်။

(၁၃၇)

အမြို့မြို့ အနယ်နယ် သတင်းများ

မေ ၈ရက်က ညောင်ဦးမြို့နယ် သန့်စင်ကြယ်စံပြကျေးရွာရှိ ဖွင့်လှစ်ပြီးသော ကိုယ့်အားကိုယ်ကိုး လင်းရောင်ခြည် စာကြည့်တိုက်အား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင် လှည့်လည်ကြည့်ရှုစဉ်။

(မြို့နယ် ပြန်/ဆက်)

ပခုက္ကူမြို့တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

ပခုက္ကူ မေ ၅

ပခုက္ကူမြို့နယ် ကြီးရွာကျေးရွာအုပ်စု ပေါင်လောင်ကန်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ပွင့်လင်းစာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၃၀ရက် နံနက် ၈ နာရီက အဆိုပါ ကျေးရွာစာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ကျော်နှင့် ခရိုင်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေတို့က ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြသည်။

လက်ခံရယူ

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းဖေက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေးအကြောင်း ရှင်းလင်းပြောကြားပြီး မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့က သုတ၊ ရသစာအုပ် မျိုးစုံ လှူဒါန်းရာ ကျေးရွာတာဝန်ရှိသူများက လက်ခံရယူကြသည်။

(၄၁၃)

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ မန္တလေးတွင်ကျင်းပ တိုင်းမှူးဗိုလ်ချုပ်ရဲမြင့် တက်ရောက်အမှာစကားပြောကြား

မန္တလေး မေ ၁၂

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၇နာရီက မန္တလေး ဗထူးအားကစားကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ ဒုတိယတိုင်းမှူးနှင့်တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးတိုင်းမီးသတ်ဦးစီးဌာနဒုတိယ ညွှန်ကြားရေးမှူး ရဲကျော်သူ ရဲသူရ သန်းကျော်ကျော်နှင့် ခရိုင်၊ မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူးများ၊ သန္ဒေ တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက မီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုအမှာစကားပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက စစ်ကြောင်းအလိုက် ချီတက်၍ အလေးပြုကြသည်။ ဆက်လက်၍ အောင်မြေသာစံမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များက တပ်စိတ်တပ်ဖြန့်ပုံသရုပ်ပြခြင်း၊ ပုသိမ်ကြီးမြို့နယ် အမျိုးသမီး မီးသတ်တပ်ဖွဲ့ဝင်များက အပေါ့စားစက်ကလေးဖြင့် သရုပ်ပြခြင်း၊ ပြည်ကြီးတံခွန်မြို့နယ်က မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်နည်းသရုပ်ပြခြင်း၊ မန္တလေးငါးမြို့နယ်တပ်ဖွဲ့ဝင်များက အသက်ကယ်နည်းစနစ်သရုပ်ပြခြင်း၊ မဟာအောင်မြေမြို့နယ်က အထပ်မြင့်အဆောက်အအုံ အသက်ကယ်သရုပ်ပြခြင်း၊ ချမ်းအေးသာစံမြို့နယ်က မီးသတ်ဆေးဘူးများဖြင့် မီးငြိမ်းသတ်နည်း သရုပ်ပြခြင်းများကို စွမ်းရည်ပြသကြသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ စခန်းသာယာလှပရေးနှင့် သန့်ရှင်းရေး ပထမဆုရ ပုသိမ်ကြီးမြို့နယ်၊ ဒုတိယဆုရ ချမ်းအေး သာစံမြို့နယ်၊ တတိယဆုရမိတ္ထီလာမြို့နယ်နှင့် စစ်ရေးပြ ပထမဆုရ မဟာအောင်မြေမြို့နယ်၊ ဒုတိယဆုရ ချမ်းမြသာစည်မြို့နယ်နှင့် တတိယဆုရချမ်းအေးသာစံမြို့နယ်တို့အား တာဝန်ရှိသူများက ဆုများပေးအပ်ကြသည်။

(အပေါ်ပုံ) (၁၆၂)

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ယာဉ်/စက် ယန္တရားမော်တော်ယာဉ်များ အသင့်မောင်းနှင်နိုင်မှု အခြေအနေကို ဧပြီ ၅ ရက်က စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေး မှူး ချုပ် (အင်/ယာ) ဦးကျော်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်မြင့်ဆွေကရှင်းလင်းတင်ပြစဉ်။

(မြို့နယ် စည်ပင်)

(၆၉)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် မေ ၁၉

ရန်ကုန်မြို့နေ ဦးအောင်မြင့်စိုး(စာရေးဆရာ အောင်စိုးကြည်-စမ်းချောင်း) **(အပေါ်ပုံ)**သည် ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် မေ ၁၆ ရက်က (၆၉)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ကျုံပျော်မြို့တွင် သန့်ရှင်းရေးစုပေါင်းဆောင်ရွက်

ကျုံပျော် မေ ၁၂

ကျုံပျော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ကျုံပျော်မြို့ မြို့ပေါ် (၄)ရပ်ကွက်တွင် မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် မေ ၈ရက် နံနက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်မှ ပြည်သူများအင်အား ၁၀၀၀ကျော်ဖြင့် ချုံနွယ်များခုတ်ထွင် ရှင်းလင်းခြင်းနှင့် ရေမြောင်းများ တူးဖော်ခြင်း ရပ်ကွက်အလိုက် ဆောင်ရွက်ကြရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဦးဇာနည်အောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းအေးတို့ သွားရောက်ကြီးကြပ် ဆောင်ရွက်ပေးကြောင်းသိရသည်။

(အောက်ဝဲပုံ)(မြို့နယ်စည်ပင်)

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် မအူပင်ခရိုင် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အေး ဦးဆောင်သော အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သန္ဒေမီးသတ်တပ်ဖွဲ့ဝင်များ မေ ၅ရက်က မအူပင်မြို့ ရွှေဘုန်းမြင့်ဘုရားရင်ပြင်တော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်၍ ကုသိုလ်ပြုကြစဉ်။ (၄၂၀)

ကြီးကြပ်ဆောင်ရွက်

သာစည်မြို့နယ်တွင် သာစည်-ကျီတိုင်ကုန်း-ရွာပုလဲကြီးလမ်း မြေညှိခြင်းလုပ်ငန်းကို ဧပြီ ၉ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိနှင့် အင်ဂျင်နီယာတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(နယ်စပ်/စည်ပင်)

မြန်မာ့အသံ

၂၁-၅-၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်)

နေ့လယ်ပိုင်း

၀၉း၄၅ အာဆီယံအစီအစဉ်
၁၀း၀၅ အာယုနဲ့သာစုဆွေးနွေးခန်း
၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (အဏ္ဏဝါပုသိမ်ကျောက်ပုစွန်မွေးမြူရေး)
၁၁း၃၅ ရေဒီယိုမဂ္ဂဇင်း
(၁) ရတနာအစစ်ဖြစ်ကြပါစေ (ခေါင်းကြီး)
(၂) တကယ့်ရတနာ (ဆောင်းပါးသရုပ်ဖော်)
၁၂း၀၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
၁၂း၁၀ ကလေးများအတွက် အင်္ဂလိပ်စာ

ညနေပိုင်း

၁၇း၀၀ ဆို၊ က၊ ရေး၊ တီး ဆုရအစီအစဉ် (စစ်ကိုင်းတိုင်းမှ ဒေါ်ကြူကြူနိုင်နှင့် ရခိုင်ပြည်နယ်မှ ဒေါ်အေးနှင်းခိုင်တို့၏ ဓမ္မပူဇာတေးများ)
၁၇း၃၀ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းများ
၁၇း၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားသမားများအတွက် စိတ်တည်ငြိမ်မှု)
၁၈း၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကား (မင်းကျော်မင်းမိသားစု)
၁၉း၁၅ ရွှေမင်းဝံတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော ရေနံမြေဗိုစိန်၏ တစ်ခေတ်ဆန်းလာမည့် 'မင်္ဂလာတေးများ' စီးရီး
၂၀း၃၀ English Lesson Working Knowledge
၂၀း၄၅ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တေးသံစုံများ

ဓနုဖြူမြို့နယ်တွင် အခြေခံပညာအထက်တန်းကျောင်းခွဲ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အုတ်မြစ်ချ

ဓနုဖြူ မေ ၁၆

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ ဓနုဖြူမြို့နယ် ရေလဲစံပြကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အုတ်မြစ်ချ အခမ်းအနားကို မေ ၁၂ ရက်က အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးတင့်လွင်က ဦးဆောင်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးနိုင်ဝင်းနှင့် ရေလဲကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ကြည်တို့ဦးဆောင်၍ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများက ရတနာအုတ်များကို အလှည့်ကျ အုတ်မြစ်ချကြသည်။**(ယာပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့် ခွဲခန်းမ၌ အမှာစကား အသီးသီး တာဝန်ရှိသူပုဂ္ဂိုလ်များသည် ရေလဲ အခြေခံ ပညာအထက်တန်းကျောင်း ပြောကြားကြသည်။ **(ဝ၈၅)**

မန်တုံမြို့ အများသုံးရေကန်မှ ရေဖြန့်ဝေမှု အခြေအနေကို မတ် ၂၃ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝဏ္ဏအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းကျော် ကျော်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

စုပေါင်းဆောင်ရွက်

မြိတ်မြို့ ဆိပ်ငယ်ဈေးတွင် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို မေ ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်ကိုဝင်း ဦးဆောင်သော ဈေးအရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးမိဈေးဖများ၊ ဈေးသူဈေးသားများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဈေးဝန်ထမ်းများ စုပေါင်း ဆောင်ရွက်ကြစဉ်။
(မြို့နယ်စည်ပင်)

ကျေးလက်တစ်ခွင် ဖွံ့ဖြိုး စည်ပင်

ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းကော်မတီများဖွဲ့စည်း ပျော်ဘွယ်မြို့နယ်တွင် စီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

ပျော်ဘွယ် မေ ၁၂

ပျော်ဘွယ်မြို့နယ် ၂၀၀၅-၂၀၀၆ခုနှစ် စီမံကိန်းတာဝန်များ ပေးအပ်ပွဲကို မေ ၆ရက် နံနက် ၈နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ကြည်က မြို့နယ်၏စီမံကိန်းလုပ်ငန်းများအောင်မြင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ဝင်းက ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းကော်မတီများဖွဲ့စည်းမှုနှင့် လုပ်ဆောင်ရမည့် တာဝန်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ဌာနအလိုက် စီမံကိန်းတာဝန်များ ပေးအပ်သည်။ **(အောက်ပုံ)** **(၂၅၀)**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အထောက်အကူပြုသင်တန်း ညောင်ဦးမြို့၌ဖွင့်

ညောင်ဦး မေ ၁၂

ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ မြို့နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဆိုင်ရာ အထောက်အကူပြု သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၅ရက် နံနက်ပိုင်းက ညောင်ဦးမြို့ မြို့မအလယ်တန်းကျောင်း ဇရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဟန်စိုးနှင့်အဖွဲ့ဝင်များ၊ သင်တန်းကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မန္တလေးယဉ်ကျေးမှုတက္ကသိုလ်မှ နည်းပြဆရာမများ၊ မြို့နယ်သဘင်အစည်းအရုံးမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုးက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး သင်တန်းကြီးကြပ်ရေးကော်မတီ အတွင်းရေးမှူး၊ မြို့နယ်ပညာရေးမှူး ဦးတင်ချိုက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်း ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)

အများသိစေရန် သတိပေးကြေညာခြင်း

ချင်းပြည်နယ်၊ ဟားခါးမြို့ ဈေးသစ်ရပ်ကွက်နေ ကျွန်တော် ဦးငွန်ကျုံးနုံ မှတ်ပုံတင်အမှတ် ၄/ဖလန(နိုင်)၀၀၅၂၈၀ကိုင်ဆောင်သူ ပိုင်ဆိုင်သည့် ဟီးနိုးရီနိုးဂျားအမျိုးအစား မော်တော်ယာဉ်အမှတ် ၈ျ/၅၁၀၀နှင့် ဒရဲမ်း ၁၁၀ အမျိုးအစားမော်တော်ဆိုင်ကယ်အမှတ် ဟခ/၁၃၅၇သည် ကျွန်တော်ဦးငွန်ကျုံးနုံတစ်ဦးတည်းပိုင်ဆိုင်သည့် မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ဖြစ်ပါသည်။

ယင်းမော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များကို ကျွန်တော်၏သဘောတူခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ အသုံးပြုခြင်း၊ တစ်ဆင့်လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည့်ကိစ္စရပ်များ မပြုလုပ်ရန် သတိပေးလိုက်ပါသည်။ မလိုက်နာပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ တရားစွဲခံရမည်ဖြစ်ပါကြောင်း သိစေရန် ကြေညာအပ်ပါသည်။

အောင်လွင်(ခ) ဦးငွန်ကျုံးနုံ။

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

ပုသိမ်မြို့နယ် အမှတ် (၄)ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနယ်မြေအတွင်းရှိ မြို့မအလယ်အုပ်စု အကွက်အမှတ်-၈၄၊ ဦးပိုင်အမှတ်-၁၇၇၊ ဧရိယာဧက(၀.၀၅၉)ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော ပုသိမ်မြို့နယ် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(၄)နယ်မြေ၊ ဥမ္မာဒန္တီလမ်း၊ အမှတ် (၇၅)ဟုခေါ်တွင်သော လေးပင်သုံးခန်း ပျဉ်ထောင်ပျဉ်ခင်း သွပ်မိုးနှစ်ထပ် အိမ်နှင့် အကျိုးခံစားခွင့်အားလုံးအား ဒေါ်ရွှေလေး (AF-၀၄၀၆၃၃)နှင့် ဒေါ်အေးအေးသိန်း ၁၄/ပသန(နိုင်)၁၆၈၉၁၂ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော တရားဝင် အထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးတင့်ဝေ(အယ်လ်အယ်လ်ဘီ)
တရားရုံးချုပ်ရှေ့နေ ၂၆၀၁/၈၄
အမှတ် (၂၂/က)၊ ရွှေစည်းခုံလမ်း၊ပုသိမ်မြို့။





ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ပေ၆၀ X ပေ၉၀ (ရေမီးစုံ)
တိုက် ပေ ၅၀ပတ်လည်ပါ။
ပတ်ကားတစ်ထပ်တိုက် နှစ်(၉၀)ဂရန်
သတိပဋ္ဌာန်လမ်းမကြီး၊ သန်လျင်
စုံစမ်းရန်-ဖုန်း-၂၉၁၃၈၇၊ ၂၉၃၄၇၇။

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၅ခုနှစ်၊ တရားမအသေးအဖွဲ့မှု အမှတ်-၆၉

ကွယ်လွန်သူ ဒေါ်ဇာရာဘီ(ခ) ဒေါ်ဇာရာဘီဘီ(ခ)ဒေါ်ဇော်ရာဘီ၏ ကျန်ရှိရစ်သောပစ္စည်း များနှင့် စပ်လျဉ်းသည့်အမှု။

မော်လမြိုင်မြို့ ဖက်တန်းရပ်တွင်နေထိုင်ခဲ့သော ကွယ်လွန်သူဒေါ်ဇာဘီ(ခ) ဒေါ်ဇာရာဘီဘီ (ခ) ဒေါ်ဇော်ရာဘီ၏ ကျန်ရှိရစ်သောပစ္စည်းအပေါ် အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်-၂၄၄(ပထမထပ်)နေ ဦးတင်ဝင်း (ခ) ဦးအီဘရာဟင်ဂျီဝါး၊ မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အရှေ့တပ်မြေလမ်း အမှတ်(၇)(မြေညီထပ်)နေ ဦးတင်လှ(ခ) ဦးဟာရှင်ဂျီဝါး၊ ဒေါ်မာလာညွှန့်နှင့် မော်လမြိုင်မြို့၊ ဖက်တန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အမှတ်-၇၆နေ ဒေါ်သင်းသင်းမြ(ခ)ဒေါ်ဖာတမာဘီ တို့က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၅ခုနှစ် ဇွန်လ ၃ရက်နေ့(၁၃၆၇ခုနှစ်၊ ကဆုန်လဆုတ် ၁၂ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခု မရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးတင်ဝင်း(ခ) ဦးအီဘရာဟင်ဂျီဝါး၊ ဦးတင်လှ(ခ)ဦးဟာရှင်ဂျီဝါး၊ ဒေါ်မာလာညွှန့်နှင့် ဒေါ်သင်းသင်းမြ(ခ)ဒေါ်ဖာတမာဘီတို့၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၅ခုနှစ် မေလ ၁၀ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိုးသန့်
တွဲဖက်တိုင်းတရားသူကြီး(၄)၊



အမည်ပြောင်း

ဦးလှသန်း၏(သား) ရန်ကင်း လေ့ကျင့်ရေး အလယ်တန်းကျောင်း သတ္တမတန်း(ခ)မှ မောင်မျိုးမင်းသန့်အား မောင်ကောင်းဇင်သန့်ဟု လည်းကောင်း၊ ပထမတန်း(ဂ)မှ မရွှေစင်တိုးအား မအေးချမ်းမိုးဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ကောင်းဇင်သန့်
မအေးချမ်းမိုး။

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏ သားဖြစ်သူ အငယ်လေး(ခ)မောင်စိုးမင်းဝင်း မှတ်ပုံတင်အမှတ် ၁၂/ဒဂတ(နိုင်) ၀၃၀၂၉၁သည် မိဘစကားနား မထောင်ခြင်းကြောင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ် လိုက်ပါသည်။

ဦးစိန်မြင့်
၁၂/တမန(နိုင်)၀၈၈၁၄၈။

တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင် ကေ ၁၀၀ စံပြစိုက်ခင်း လှည့်လည်ကြည့်ရှုစစ်ဆေး ပြည်နယ်ပညာရေးမှူးဒိုင်း အလယ်တန်းအဆင့်ဘောလုံးပြိုင်ပွဲ တက်ရောက်အားပေး

ရန်ကုန် မေ ၁၉

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ မေ ၁၆ရက် ညနေပိုင်းက လားရှိုးမြို့ ပြည်နယ်ပြည်ထောင်စုအားကစားကွင်းအတွင်း၌ ကျင်းပသည့် ၂၀၀၅ခုနှစ် ပြည်နယ်ပညာရေးမှူးဒိုင်း အခြေခံပညာအလယ်တန်းအဆင့်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်အားပေးသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်သံအမတ်ကြီးခန့်အပ်ရန်သဘောတူ

ရန်ကုန် မေ ၂၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာမိုဆန်ပ့ါ(ခ်)အိန်းအားခန့်အပ်ရန် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာမိုဆန်ပ့ါ(ခ်)အိန်းသည် ၁၉၅၄ခုနှစ်တွင် ဖာဆာမြို့၌ မွေးဖွားခဲ့သည်။ ၎င်းသည် တီဟီရန်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ ရရှိခဲ့သည်။ ထို့နောက် ၁၉၈၁ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်ခဲ့ပြီး ဇမ်ဘီယာနှင့် ဥဇဘက်ကစ္စတန်ရှိ အီရန်သံရုံးများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာမိုဆန်ပ့ါ(ခ်)အိန်းသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာမိုဆန်ပ့ါ(ခ်)အိန်းသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ပြည်တွင်း၊ ပြည်ပပြိုင်ပွဲ အောင်ပွဲရအားကစားသမားများဂုဏ်ပြု

ရန်ကုန် မေ ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန၌ပြုလုပ်သော ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော သစ်တောရေးရာဝန်ကြီးဌာန ကိုယ်စားပြု အောင်ပွဲရအားကစားသမားများ ဂုဏ်ပြုပွဲသို့ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဂုဏ်ပြုဆုများပေးအပ်

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီးက တစ်နှစ်အတွင်း အကောင်းဆုံးအားကစားသမားဆုရ ဘိုးလင်းအားကစားသမား မခင်သန်းထွေးအားလည်းကောင်း၊ အကောင်းဆုံးအသင်းဆုရ ရေကူးအသင်းကိုယ်စား တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်ဝှက်အားလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် အောင်ပွဲရရှိခဲ့သော အားကစားမောင်မယ်များအား ဂုဏ်ပြုဆုများ အသီးသီးပေးအပ်သည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် အောင်ပွဲရအားကစားသမားများ ကိုယ်စား ဘိုးလင်းအားကစားသမား မခင်သန်းထွေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ အခမ်းအနားအပြီးတွင် ဝန်ကြီးက အားကစားမောင်မယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး ဂုဏ်ပြုညစာဖြင့် ဧည့်ခံသည်။

သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် ၂၀၀၄–၂၀၀၅ ခုနှစ်အတွင်း ပြည်တွင်းပြိုင်ပွဲများ၌ ရွှေ ၈၉ ဆု၊ ငွေ ၈၄ ဆု၊ ကြေး ၈၇ ဆုနှင့် နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေတစ်ဆု၊ ငွေသုံးဆု၊ ကြေးငါးဆု စုစုပေါင်း ဆုတံဆိပ် ၂၆၉ ဆု ရရှိခဲ့သည်။ **(သတင်းစဉ်)**

ဆုချီးမြှင့်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် သစ်တောရေးရာ ဝန်ကြီးဌာန အောင်ပွဲရ အားကစားသမားများ ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားတွင် ၂၀၀၄–၂၀၀၅ ခုနှစ်အတွက် အကောင်းဆုံးအားကစားအသင်းဆုရရှိသော ရေကူးအသင်း၏ကိုယ်စား တာဝန်ခံ ဒုတိယအထွေထွေမန်နေဂျာ ဦးစိန်ဝှက်အား ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (သစ်တောရေးရာ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

နှစ်ပေါင်းနှစ်ထောင်ခန့်ကသားရေပစ္စည်းများ

ရှေးဟောင်း သုတေသနပညာရှင်များက မြေအောက်တွင် ရှေးခေတ်သုံးသားရေပစ္စည်းများကို ရှာဖွေတွေ့ရှိစဉ်။ **(ဝဲပုံ)**

အဆိုပါ လူ့အသုံးအဆောင် သားရေပစ္စည်းများကို ဗြိတိန်နိုင်ငံတွင် မြေအောက်မှ တူးဖော်ရှာဖွေတွေ့ရှိခြင်းဖြစ်ပြီး ရှေးဟောင်းသုတေသနပညာရှင်များ အဆိုအရ ယင်းပစ္စည်းများသည် လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ထောင်ခန့်က ရှေးခေတ်လူတို့ အသုံးပြုခဲ့သည့် သားရေပစ္စည်းများဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ရှားပါးဦးခေါင်းနီကြိုးကြာ

ကမ္ဘာပေါ်တွင် ရှားပါးနေပြီဖြစ်သော ဦးခေါင်းနီကြိုးကြာငှက်များကို တွေ့ရစဉ်။ **(ယာပုံ)**

အဆိုပါဦးခေါင်းနီကြိုးကြာငှက်များသည် ကမ္ဘာပေါ်တွင် တတိယမြောက်မျိုးသုဉ်း ပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်နေရသော သတ္တဝါအမျိုးအစားဖြစ်ရာ ရုရှား၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့တွင်နေထိုင်ကျက်စားတတ်သည့် ငှက်များဖြစ်သည်။ ယခုအခါ အဆိုပါ ဦးခေါင်းနီကြိုးကြာငှက်များ၏ အရေအတွက်မှာ ကောင်ရေအနည်းငယ်သာ ကျန်ရှိကြောင်းသိရသည်။ **(အင်တာနက်)**

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဂန့်ဂေါခရိုင် လုံးကျွတ် ဖွင့်လှစ်ပြီး

ရန်ကုန် မေ ၁၉

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဂန့်ဂေါမြို့နယ် ကျွန်းခုံသာရွာ ကိုယ့်အားကိုယ်ကိုးနလုံးလှစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၉ရက်တွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဖေတင်နှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာဥက္ကဋ္ဌက စာကြည့်တိုက်ငွေပဒေသာပင်အဖြစ် ငွေကျပ် ၃၀၀၀၀နှင့် စာအုပ်မျိုးစုံ ၃၃၅ အုပ်တို့ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌထံသို့ ပေးအပ်လှူဒါန်းသည်။

ဂန့်ဂေါခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအားလုံးတို့၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ခရိုင်လုံးကျွတ် ဖွင့်လှစ်နိုင်ပြီးဖြစ်ရာ ဂန့်ဂေါမြို့နယ်၌ စာကြည့်တိုက် ၁၁၉ခု၊ ထီးလင်းမြို့နယ်၌ စာကြည့်တိုက် ၉၅ခု၊ ဆောမြို့နယ်၌ စာကြည့်တိုက် ၇၅ ခု၊ ကျောက်ထုမြို့နယ်၌ စာကြည့်တိုက် ၄၅ ခုတို့ ဖွင့်လှစ်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)